မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇူလိုင် ၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၆)၊ အမှတ် (၂၇၆)

မျိုးဆက်သစ်များအား လက်ဆင့်ကမ်းပေးသည့်ပွဲ

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများသည် မြန်မာတို့၏ ရိုးရာအမွေအနှစ်များကို စောင့်ရှောက်သည့်ပွဲ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့နှင့် ယဉ်ကျေးမှုစံနှုန်းများကို မျိုးဆက်သစ်များအား လက်ဆင့်ကမ်းပေးသည့်ပွဲ၊ မြန်မာ့ရိုးရာအမျိုးသားရေး စရိုက်လက္ခဏာများကို ထိန်းသိမ်းသည့်ပွဲများ ဖြစ်သည်ဆိုသည်ကို ရှုမြင်သုံးသပ်နိုင်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

(၁) ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်အပေါ် အခြေခံသည့် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားစေရန်။

(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်။

(၃) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာများ ရှင်သန်ထွန်းကားပြန့်ပွားရန်။

(၄) လူငယ်ထု၏စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားမှုကို တိုးတက်ဖြစ်ထွန်းစေရန်။

(၅) တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။

နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အနာဂတ်အကျိုးစီးပွားကိုဖော်ဆောင်နိုင်ရန် စည်းလုံးညီညွတ်မှုအဓိကကျ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသည် ပြည်ထောင်စုကြီး တလုံးတစည်းတည်းစွမ်းအားရရှိအောင် အနုပညာစွမ်းအား၊ စိတ်ဓာတ်ရေးရာစွမ်းအားများ ပြုစုပျိုးထောင်ရာ၌ ထိရောက်စွာအထောက်အကူပြု

အမျိုးသားယဉ်ကျေးမှု အနုပညာမှတ်တမ်းများ ပိုမိုခိုင်မာစွာထူထောင်နိုင်ရေး ပြိုင်ပွဲများကျင်းပခြင်းဖြစ်

နေပြည်တော် ဇူလိုင် ၇

၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး နာယကများပါဝင်သော ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယကများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဦးစီးကော်မတီဝင်များဖြစ်ကြသော အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စာရင်းစစ်ချုပ်နှင့် ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့်

စာမျက်နှာ ၃ ကော်လံ ၁ ✡

ဆွေးနွေးမှာကြား

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး နာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေး နာယကများ ပါဝင်သော ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇူလိုင် ၈ ရက်)

ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး မြန်မာ့မီးရထားက ဖြည့်ဆည်းပြေးဆွဲ

မြန်မာ့မီးရထားသည် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အဓိကကျသော ကဏ္ဍမှ ပါဝင်သည်။ နိုင်ငံအနှံ့ ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခဲ့ပြီး ခရီးစဉ်သစ်များ တိုးချဲ့ပြေးဆွဲလျက်ရှိသည်။ စီးပွားရေးအချက်အချာဖြစ်သည့် ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့ အကြား ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး လိုအပ်ချက်များ ပိုမို အဆင်ပြေချောမွေ့စေရေး အတွက် စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ၁၉၈၈ခုနှစ် မတိုင်မီက ရထားလမ်းအရှည် ၁၉၇၆ဒသမ၃၅မိုင်သာရှိခဲ့ရာမှ ၁၉၈၈ခုနှစ်နောက်ပိုင်း ရထားလမ်းအရှည် ၁၀၉၈ဒသမ၅၄မိုင် တိုးချဲ့ဖောက်လုပ်ခဲ့ရာ ၂၀၀၆ခုနှစ်အထိ စုစုပေါင်း ၃၀၇၄ဒသမ၈၉မိုင် ရှိနေပြီဖြစ်သည်။

ဆက်လက်၍ ချောင်းဦး-ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်းပေါ်ရှိ ရေမျက်နီ-ကျော ဥမင်ကိုဖြတ်ကျော်သည့်လမ်း ၂၆မိုင်ကိုလည်းကောင်း၊ အုတ်ဖိုစု-သန်လျင်ရထား လမ်းသစ် ၃ဒသမ၃၃မိုင်ကို လည်းကောင်း၊ ကြီးနီ-ချောက် ရထားလမ်းသစ် ငါးမိုင်ကို လည်းကောင်း၊ ပျဉ်းမနား-မြို့ဟောင်းဒွေးလမ်း (ကျည်တောင်ကန်-မြစ်ငယ်လမ်းပိုင်း) ၁၄၁ဒသမ၈မိုင်ကို လည်းကောင်း ဖောက်လုပ်ခဲ့သည်။ ထို့အပြင် ရန်ကုန်မြို့ပတ် လမ်းကိုလည်း ဒဂုံတက္ကသိုလ်မှတစ်ဆင့် ရွှေပေါက်ကံ၊ ရွှေနံ့သာ၊ နွယ်ခွေ၊ ထောက်ကြန့်၊ ဘန့်ဘွေးကုန်းမှ တစ်ဆင့် မိုးကြိုးပစ်၊ လှော်ကားတို့သို့ တိုးချဲ့ဖောက်လုပ်ခဲ့သည်။

ထို့အပြင် ရန်ကုန်-နေပြည်တော်-မန္တလေး၊ နေပြည်တော်-ပုဂံ၊ နေပြည်တော်-မော်လမြိုင် ရထားခရီးစဉ်သစ်များကိုလည်း တိုးချဲ့ပြေးဆွဲပေးခဲ့သည်။

ယခုအခါ ကြံခင်း-ပခုက္ကူရထားလမ်းနှင့် နေပြည်တော်မှ ရွှေညောင်-တောင်ကြီး ရထားလမ်းသို့ တစ်ဆက်တည်းတောက်လျှောက် ခုတ်မောင်းနိုင်ရေးအတွက် ပျော်ဘွယ်-ဘုရားငါးဆူ ရထားလမ်းသစ်တို့ကို ဖောက်လုပ်လျက်ရှိသည်။

မြန်မာ့မီးရထားအနေဖြင့် နိုင်ငံတစ်ဝန်းတွင် ခရီးသည်တင်ရထား၊ မြို့ပတ်ရထား ခရီးစဉ်နှင့် ကုန်ရထားများကို တိုးချဲ့ပြေးဆွဲပေးလျက်ရှိပြီး ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး လွယ်ကူချောမွေ့ရေးကို တိုးမြှင့်ဖြည့်ဆည်းပေးသွားမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိဘနှစ်ပါး ဖြစ်သော ဗိုလ်မှူးဇော်သန်း (ငြိမ်း)၊ ဒေါ်မြသိန်းနှင့် သခင်သန်း-ဒေါ်အမာ တို့အား ရည်စူး၍ ရန်ကုန်တိုင်း ဒဂုံမြို့နယ် ဗိုလ်ရာညွန့်လမ်း အမှတ် ၃၈/၄၀နေ ဦးဇော်သီဟ-ဒေါ်မာလာ၊ သမီး မသဲသီရိဇော်၊မသဲနန္ဒာဇော်တို့၏ မွေးနေ့ အလှူအဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၁၀၀၀၀ ကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော်ဘဒ္ဒန္တသီလာစာရထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ပင်မ) ဥက္ကဋ္ဌဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပဲခူးတံတားနှင့် ဆွာချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း စစ်ဆေး

ယာဉ်ယန္တရားများ အကျိုးရှိရှိ အသုံးပြုရေးမှာကြား

နေပြည်တော် ဇူလိုင် ၇

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင်၅ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ပဲခူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ဝန်ကြီးနှင့်အဖွဲ့အား စီမံကိန်းရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာမှူး ဦးခင်မောင်ဆွေက တံတားဘိုးပိုင်လုပ်ငန်းများဆောင်ရွက်နေမှု၊ ယာယီလမ်းလွှဲ တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက ယာဉ်ယန္တရားများ အကျိုးရှိရှိ အသုံးပြုနိုင်အောင် စီမံဆောင်ရွက်ရန်နှင့် မိုးတွင်းကာလဖြစ်သဖြင့် ဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန်၊ ပစ္စည်းများဆုံးရှုံးမှုမရှိစေရေး ဂရုပြုရန်တို့ကို မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ပဲခူးတံတား

ပဲခူးတံတားမှာ ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတား အမျိုးအစား ဖြစ်ပြီး တံတားအရှည်ပေ၃၆၀၊ ယာဉ်သွားလမ်းအကျယ်၇၂ပေ၊ ယာဉ်ခြောက်လမ်းသွားဖြစ်ပြီး လူသွားလမ်း တစ်ဖက်လျှင်ခြောက်ပေစီပါရှိကာ ခွင့်ပြုခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန်၆၀ဖြစ်သည်။

ဆောင်ရွက်ပြီးဖြစ်

ယခုအခါ တံတားအောက်ထည် အုတ်မြစ် ဘိုးပိုင်တူးခြင်း လုပ်ငန်း၌ ရန်ကုန်ဘက်နှင့် မန္တလေးဘက်တို့ရှိ ကမ်းကပ်ခုံတစ်ခုစီတွင် ခုနစ်လုံးရှိသည့်အနက် လေးလုံးစီ ဆောင်ရွက်ပြီးဖြစ်သည်။

ဆွာချောင်းတံတား

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဆွာချောင်းတံတားတည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ တံတား တည်ဆောက်ရေး တာဝန်ခံ အင်ဂျင်နီယာမှူး ဦးကျော်လင်းက ရန်ကုန်ဘက်ကမ်းတံတား ဘိုးပိုင်လုပ်ငန်း စတင်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ခံနိုင်ဝန်

ဆွာချောင်းတံတားမှာ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး အရှည်ပေ၂၇၀၊ယာဉ်သွားလမ်းအကျယ် ၄၈ပေ၊ ယာဉ်လေးလမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိကာ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန်၆၀ဖြစ်သည်။

ဆက်လက်ဆောင်ရွက်

ယခုအခါ တံတားအောက်ထည် အုတ်မြစ်ဘိုးပိုင်လုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ရန်ကုန်ဘက်ကမ်း ကမ်းကပ်ခုံတွင် ဘိုးပိုင် ရှစ်လုံးအနက် ခြောက်လုံး ဆောင်ရွက်ပြီး ကျန်လုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၈-၇-၂၀၀၇
(တနင်္ဂနွေနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇း၀၅ စိတ်နေကောင်းဖို့တရားတော် (ဓမ္မဒူတအရှင်ဆေကိန္ဒ ဆရာတော်)
- ၇း၅၅ Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)]
- ၈း၅၀ တေးဂီတအစီအစဉ်
- ၈း၅၅ Activities in The City
- ၉း၃၀ ပြည်တွင်းသတင်းအကျဉ်း
- ၉း၄၀ နိုင်ငံတကာအနုပညာရေးရာ
- ၁၀း၁၀ တေးဂီတအစီအစဉ်
- ၁၀း၁၅ အဝလွန်ရောဂါဆိုင်ရာ အချက်အလက်များနှင့် သကြားအစားထိုး Sucralose (ပါမောက္ခဒေါက်တာချစ်စိုး၊ ဒေါက်တာဝင်းထွန်း)
- ၁၀း၃၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၄၀ တေးဂီတအစီအစဉ်
- ၁၀း၄၅ စိုက်ပျိုးဖို့ လွယ်ကူစေတာ ကောက်ရိုးမှိုပါ
- ၁၁း၀၀ မိုးလေဝသခန့်မှန်းချက်
- ၁၁း၀၅ သစ်သီးဝလံပေါပြည့်ဝေဆာ ဒို့မြေမှာ (နှင်းသီး)
- ၁၁း၃၀ တေးဂီတအစီအစဉ်
- ၁၁း၄၀ Movie Mistakes (Casino Royale)
- ၁၁း၅၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၂း၀၀ တေးဂီတအစီအစဉ်
- ၁၂း၀၅ မှတ်မှတ်ရရရှိစေဖို့ ကယားဒေသဟင်းထုပ်
- ၁၂း၁၅ တေးဂီတအစီအစဉ်
- ၁၂း၂၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂း၂၅ ၂၀၀၇ခုနှစ် MTVရုပ်ရှင်ဆုပေးပွဲ အခမ်းအနား
- ၁၂း၅၅ တေးဂီတအစီအစဉ်
- ၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက်၇နာရီမှ မွန်းလွဲ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဝန်ထမ်းသားသမီးများအားပညာသင်ထောက်ပံ့

ရန်ကုန် ဇူလိုင် ၇

၂၀၀၇-၂၀၀၈ခု ပညာသင်နှစ် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၅ရက်က မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပေးအပ်ခဲ့

အခမ်းအနားတွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းငွေး၊ အထွေထွေမန်နေဂျာ ဦးချိုသန်းမောင်နှင့် ဌာနမှူးများက ဝန်ထမ်းများ၏ သားသမီးများဖြစ်ကြသော အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား ကျောင်းသူ၂၂၈၅ဦးအတွက် ပညာသင် ထောက်ပံ့ကြေးငွေများကို ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဦးလှကြည်-ဒေါ်ထွန်းကြည်(ခ)ဒေါ်ပု(ထားဝယ်) တို့အား ရည်စူး၍ အမှတ်၉၇ (ငါးလွှာ) လမ်း ၅၀ ပုဇွန်တောင်မြို့နယ်နေ ဦးထွန်းလင်း-ဒေါ်သန်းသန်းဝေ၊ သမီး မမိုမိုလွင်၊ သား မောင်သန်းဦးမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင် အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဌာနခွဲမှူး ဦးလှရှိန်က လက်ခံယူစဉ်။ (က-ပ)

✡ **ရှေ့ဖုံးမှ**

ဌာနဆိုင်ရာ အကြီးအကဲများ၊ ဂီတ၊ သဘင် ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် မြန်မာ့ဂီတ၊ မြန်မာ့အက၊ မြန်မာ့သဘင်စသေ အနုပညာရပ်များ အရှည်တည်တံ့ပြီး မြန်မာနိုင်ငံတစ်နံတစ်လျား၊ ပြည်နယ်၊ တိုင်းဒေသအားလုံး၌ အခြေခိုင်မာတည်တံ့ပြန့်ပွားရေး၊ မြန်မာ့အနုပညာရပ်များကို လက်ဆင့်ကမ်း သယ်ဆောင်သွားမည့် အနုပညာရှင် မျိုးဆက်သစ်များ စဉ်ဆက်မပြတ် ပေါ်ထွက်လာရေး၊ အမျိုးသားရေး ဂုဏ်သိက္ခာနှင့် အမျိုးသားရေး စရိုက်လက္ခဏာများ ထာဝစဉ် ရှင်သန်ရေးစသည့် မွန်မြတ်သော ရည်မှန်းချက်များအတွက် ၁၉၉၃ ခုနှစ်မှစတင်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ

ရှင်းလင်း

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီး ကော်မတီ ဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ် ချုပ် ဝေ လွင် ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

ကို နိုင်ငံတော်က တာဝန်ယူကျင်းပပေးခဲ့ခြင်းသည် (၁၅)ကြိမ်မြောက်ပြိုင်ပွဲ ကျင်းပပေးရမည့် အချိန်ကာလသို့ပင် ချဉ်းကပ်ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲကြီး၏ အနှစ်သာရမှာ သမိုင်းအစဉ်အလာ ကြီးမားသည့် မြန်မာတို့၏ ယဉ်ကျေးမှုနှင့် အမျိုးသားရေး စရိုက်လက္ခဏာများကို မြန်မာ့လွတ်လပ်ရေးနှင့်အတူ ယှဉ်တွဲပြီး အစဉ်ထာဝရရှင်သန်တည်တံ့အဓွန့်ရှည်ခိုင်မြဲစေရအောင် ထိန်းသိမ်းမြှင့်တင်ပေးရေးပင်ဖြစ်ကြောင်း၊ ဤရည်ရွယ်ချက်ဖြင့် နှစ်စဉ် ကျင်းပလာခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများသည် မြန်မာတို့၏ ရိုးရာ အမွေအနှစ်များကို စောင့်ရှောက်သည့်ပွဲ၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့နှင့် ယဉ်ကျေးမှု စံနှုန်းများကို မျိုးဆက်သစ်များအား လက်ဆင့်ကမ်းပေးသည့်ပွဲ၊ မြန်မာ့ရိုးရာ အမျိုးသားရေးစရိုက် လက္ခဏာများကို ထိန်းသိမ်းသည့်ပွဲများဖြစ်သည် ဆိုသည်ကို ရှုမြင်သုံးသပ်နိုင်ကြောင်း။

ရင်ဆိုင်ကြုံတွေ့

အကယ်၍ ယခုကဲ့သို့ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များကို စနစ်တကျ ထိန်းသိမ်းနိုင်ခြင်း မရှိခဲ့လျှင် မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့နှင့် ယဉ်ကျေးမှုစံနှုန်းများကို ထိန်းသိမ်းရန် လစ်ဟင်းခဲ့လျှင်၊မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို မျိုးဆက်သစ်များအား လက်ဆင့်ကမ်းပေးနိုင်ရန်ပျက်ကွက်ခဲ့လျှင်၊ မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာ အသွင်အပြင်များကို မပျောက်ပျက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့လျှင်၊ အစဉ်အလာကြီးမား သောမြန်မာတို့၏အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများနှင့် အမျိုးသားရေး စိတ်ဓာတ်များသည် မှေးမှိန် ပျောက်ကွယ်ပြီး နိုင်ငံတော်၏ အချုပ်အခြာ အာဏာကိုပါ ထိပါးလာနိုင်သည့် အခြေအနေများကို ရင်ဆိုင်ကြုံတွေ့ရမည် ဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်များ မပျောက်ပျက် မညှိုးမှိန်ဘဲ ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာများဖြင့် ထည်ထည်ဝါဝါ၊ ကျက်သရေရှိရှိ ရှင်သန်ရပ်တည်နေနိုင်ခဲ့ခြင်းသည် မြန်မာ့ဘိုးဘွားဘီဘင် အဆက်ဆက်၏ စိတ်ဓာတ်၊ သတ္တိ၊ ဗျတ္တိ၊ ဝီရိယစသည့် စွမ်းအားကောင်းတို့ကြောင့်ဖြစ်သည်ဆိုသည်ကို ထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ယနေ့ခေတ်ကဲ့သို့ Globalization လှိုင်းဂယက်၏ ရိုက်ခတ်လွှမ်းမိုးမှုကြောင့် ကမ္ဘာ့နိုင်ငံအများစုသည် မိမိတို့၏ပင်ကိုအမျိုးသားရိုးရာ ယဉ်ကျေးမှုများ ယိုယွင်းပျက်စီးပျောက်ကွယ်မသွားစေရအောင် အစွမ်းကုန်ကြိုးစားထိန်းသိမ်းနေကြရသည့် အခြေအနေတွင် အမျိုးသားရေးအတွက် ယဉ်ကျေးမှုကိုယ်ခံအား ကောင်းကြရန် ပိုမိုလိုအပ်လျက်ရှိကြောင်း လေးနက်စွာ ခံယူကြရန်လည်း တိုက်တွန်းလိုကြောင်း။

အလေးအနက်ထား

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက အခြေအနေအရပ်ရပ်ကို ကြိုတင်မျှော်တွေး သုံးသပ်ပြီး **“ကြွယ်ဝပြည့်စုံပြီးဖြစ်တဲ့ အမျိုးသားယဉ်ကျေးမှု အရင်းအမြစ်များကို နိုင်ငံနဲ့ လူမျိုးမြှင့်တင်ရေး၊ တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်ခြင်းမှ ကာကွယ်ရေးစသည်တို့မှာ တန်ဖိုးရှိရှိအသုံးချနိုင်စေဖို့အပြင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများမှာ တိုင်းရင်းသားညီအစ်ကို မောင်နှမများ အားလုံး ချစ်ကြည်ရင်းနှီးစွာ ဆုံစည်းကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်တွေကို ဖော်ထုတ်ထိန်းသိမ်းကြရင်း အမျိုးသားယဉ်ကျေးမှု ဓလေ့စရိုက်အစဉ်အလာတွေကို တလေးတစား ချစ်ခင်မြတ်နိုး ထိန်းသိမ်းဆောင်ရွက်ခြင်းအားဖြင့် တူညီတဲ့စိတ်ဓာတ်တွေ၊ ညီမျှတဲ့ စိတ်ထားတွေ၊ ညီညွတ်တဲ့ ရပ်တည်မှုတွေ ဖြစ်ထွန်းလာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံတဲ့ မျိုးချစ်စိတ်ဓာတ်စွမ်းအားလဲ ပိုမိုခိုင်မာလာမှာဖြစ်လို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွေကို ပြည်ထောင်စုနေ့ ပွဲတော်ကြီးများကဲ့သို့ အလေးအနက်ထားကျင်းပသွားဖို့”** ဟုလမ်းညွှန်မှာကြားခဲ့ကြောင်း။

ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ တစ်နှစ်ထက်တစ်နှစ် ပိုမိုပြည့်စုံစည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ခြင်းသည် ယခုဆိုလျှင် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကာလအထိ ခရီးရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ ယင်းသို့ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို နှစ်စဉ်မပျက် အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ခြင်းသည်လည်း အဆို၊ အက၊ အရေး၊ အတီးဆိုင်ရာ ပညာရှင်များ၊ ဝါသနာရှင်များ၊ အနုပညာမြတ်နိုးသူ ပြည်သူပြည်သားများ၊ ကော်မတီ၊ ဆပ်ကော်မတီအဆင့်ဆင့်နှင့် တာဝန်ရှိသူ အသီးသီးက တာဝန်ကျေပွန်စွာ ဆောင်ရွက်ခဲ့ကြ၍ဖြစ်ကြောင်း။

တင်ပြ

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး လုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှု ဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်အောင်မြင့် ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

ယခုလာမည့် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသည် ဆိုလျှင် နေပြည်တော်၌ ဒုတိယအကြိမ်မြောက် ကျင်းပမည့်ပြိုင်ပွဲဖြစ်ကြောင်း၊ နေပြည်တော်၌ ပထမဆုံးအကြိမ်ကျင်းပသည့် အတွေ့အကြုံကို ကောင်းစွာရရှိခဲ့ပြီးဖြစ်၍ လာမည့်(၁၅)ကြိမ်မြောက် ပြိုင်ပွဲ၌ ယခင်နှစ်ထက်ပိုမိုအောင်မြင်ခမ်းနားစွာကျင်းပနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

ပြုစုပျိုးထောင်

နိဂုံးချုပ်အားဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အနာဂတ်အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရေးအတွက် အဓိကလိုအပ်ချက်သည် စည်းလုံးညီညွတ်မှုရှိရန်ပင်ဖြစ်ကြောင်း၊ နှစ်စဉ်ကျင်းပလျက်ရှိသည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် ပြည်ထောင်စုကြီး၏ အနာဂတ် အရေးအတွက် တစည်းတလုံးတည်းသော စွမ်းအားရရှိအောင် ပြုစုပျိုးထောင်ပေးရာတွင် အနုပညာစွမ်းအား၊ စိတ်ဓာတ်ရေးရာ စွမ်းအားတို့ဖြင့် ထိရောက်အောင်မြင်စွာအထောက်အကူပြုနိုင်စွမ်းရှိသည်ဆိုသည်မှာ အမှန်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားယဉ်ကျေးမှု အနုပညာမှတ်တိုင်များကို တစ်နှစ်ထက်တစ်နှစ် ပိုမိုခိုင်မာစွာ ထူထောင်နိုင်ရေးအတွက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ကျင်းပနေခြင်းဖြစ်သည်ဆိုသည့် လေးနက်ခိုင်မာသော ယုံကြည်ချက်များဖြင့် လာမည့် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအတွက် လိုအပ်သည်များ တင်ပြညှိနှိုင်း ဆက်စပ်လုပ်ဆောင်သွားရန် တိုက်တွန်းမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီး ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ပြီးခဲ့သော(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပခဲ့မှု အခြေအနေများ၊ အတွေ့အကြုံများနှင့် ယင်းအတွေ့အကြုံများအပေါ် မူတည်၍ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပိုမိုပြည့်စုံကောင်းမွန်စေရေး စီစဉ်ဆောင်ရွက်သွားမည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

အနှစ်သာရ

ယင်းနောက် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့်က (၁၅)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ၊ ပြိုင်ပွဲကျင်းပမည့်နေရာ၊ နေ့ရက်နှင့်အချိန် ရွေးချယ်လျာထားမှုများ၊ ပြိုင်ပွဲကျင်းပရခြင်း အနှစ်သာရနှင့်အညီ ပြိုင်ပွဲအမျိုးအစားများ တဖြည်းဖြည်း ချဲ့ထွင်သွားမည့် အစီအစဉ်များနှင့် ပြိုင်ပွဲအတွက် ကုန်ကျသုံးစွဲမည့်ဘဏ္ဍာရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးက ကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များ၊ ပြိုင်ပွဲကျင်းပရန် စီစဉ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက မိမိတို့သက်ဆိုင်ရာ ဆပ်ကော်မတီအလိုက် လုပ်ငန်းဆိုင်ရာစီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဖြည့်ဆည်း

ယင်းနောက် ပြိုင်ပွဲကျင်းပရေးနာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ပြိုင်ပွဲကျင်းပရေးနာယက အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အစည်းအဝေးသို့ တက်ရောက်လာကြသော သဘင်၊ ဂီတအနုပညာရှင်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဦးတည်ချက်

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို **(၁)ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်အပေါ် အခြေခံသည့်မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန်ထက်မြက် မြင့်မားစေရန်၊ (၂)အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊ (၃) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ရိုးရာယဉ်ကျေးမှု အနုပညာများ ရှင်သန်ထွန်းကားပြန့်ပွားရန်၊(၄)လူငယ်ထု၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားမှုကို တိုးတက်ဖြစ်ထွန်းစေရန်၊ (၅) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်** ဟူသည့် ဦးတည်ချက်(၅)ရပ်ဖြင့် နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး နာယကများပါဝင်သော ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ်ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်လာကြသော သဘင်၊ ဂီတအနုပညာရှင်ကြီး များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ လှိုင်မြို့နယ် ဘုရင့်နောင်လမ်းမဘေး သီရိမွန်အိမ်ရာနေ ဒေါ်တင်တင်၏ (၈၇)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အလေးထား ဂရုပြုသင့်သော ကူးစက်မဟုတ်သော ရောဂါများ (၁)

လူသားတို့တွင် ဖြစ်ပွားသောရောဂါများကို ယေဘုယျအားဖြင့် ကူးစက်ရောဂါများ (Infectious Diseases)နှင့် ကူးစက်မဟုတ်သော ရောဂါများ (Non Communicable Diseases) ဟူ၍ အုပ်စုနှစ်ခု ခွဲခြားနိုင်ပါသည်။ ကူးစက်ရောဂါများသည် ရောဂါပိုးမွှားများကြောင့် အဓိကဖြစ်ပေါ်လာကြပါသည်။ ၎င်းရောဂါများသည် ရေမသန့်ခြင်း၊ လေမသန့်ခြင်း၊ အစားအသောက်များ မသန့်ရှင်းခြင်းနှင့် အညစ်အကြေးများ စနစ်တကျ မစွန့်ပစ်ခြင်းကြောင့် ပတ်ဝန်းကျင် မသန့်ရှင်းရာမှ ပေါက်ဖွားလာသော ရောဂါပိုးမွှားများကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့်- ကာလဝမ်းရောဂါ၊ အထက်လှန်အောက်လျှောရောဂါ၊ အူရောင်ငန်းဖျားရောဂါ စသည်တို့ဖြစ်ပါသည်။ ကူးစက်ခြင်းကြောင့် ဖြစ်ပွားသောရောဂါများတွင် ခြင်မှတစ်ဆင့် ကူးစက်လာသော ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ စသည်တို့လည်း ပါဝင်ကြပါသည်။ လိင်ဆက်ဆံရာမှတစ်ဆင့် ကူးစက်လာသော ကာလသားရောဂါ၊ ဂနို ညောင်းကျရောဂါနှင့် အများသိသည့် ယခုခေတ်ပေါ် ရောဂါတစ်ခုဖြစ်သော ကိုယ်ခံစွမ်းအားကျဆင်းသည့်ရောဂါ (AIDS) တို့လည်း ပါဝင်ကြပါသည်။

ကူးစက်မဟုတ်သော ရောဂါများကမူ လူ့ဘဝနေထိုင်မှုပုံစံ (Lifestyle)နှင့် အဓိကအားဖြင့် သက်ဆိုင်နေပါသည်။ ကူးစက်မဟုတ်သောရောဂါအများစုသည် အသက်အရွယ်ရလာသည့် လူ့ဘဝ၏ နောက်ပိုင်းတွင် အဖြစ်များတတ်၍ အသက်အရွယ်ကြီးမြင့်လာခြင်း (Aging)နှင့်လည်း ဆက်စပ်နေကြပါသည်။ ကူးစက်မဟုတ်သောရောဂါများတွင် နှလုံးသွေးကြောရောဂါများ၊ ကင်ဆာရောဂါများ၊ ဆီးချို သွေးချိုရောဂါများနှင့် နာတာရှည် အသက်ရှူလမ်းကြောင်းပိတ်၍ ဖြစ်ပေါ်လာသောရောဂါများ ပါဝင်ကြပါသည်။

၎င်းရောဂါလေးမျိုးသည် ကမ္ဘာနှင့်အဝန်း အဖြစ်အများဆုံး ဖြစ်သည့်အပြင် လူ့ဘဝနေထိုင်မှုပုံစံကို ကျန်းမာရေးနှင့်ညီညွတ်သော ပုံစံ ဖြစ်အောင် ပြုပြင်နေထိုင်နိုင်ခဲ့လျှင် ရောဂါလေးမျိုးစလုံးကို အတိုင်းအတာတစ်ခုအထိ ကာကွယ်နိုင်ခြင်းကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အဓိကကျသော ကူးစက်မဟုတ်သောရောဂါကြီးများဟုခေါ်ဝေါ် သတ်မှတ်ထားပါသည်။ ကူးစက်မဟုတ်သော အခြားရောဂါများမှာ- ဦးနှောက်၊ အာရုံကြောနှင့် စိတ်ကျန်းမာရေးဆိုင်ရာ ရောဂါများ၊ စကျွဲ အမြင်ကွယ်ပျောက်ခြင်းရောဂါများ၊ နားလေးရောဂါများ၊ ထိခိုက်ဒဏ်ရာရခြင်းကြောင့် ဖြစ်ပေါ်လာသောရောဂါများ (မြန်မာနိုင်ငံအနေဖြင့် မြွေကိုက်ခြင်းကို ကူးစက်မဟုတ်သော ရောဂါများအုပ်စုတွင် ထည့်သွင်းထားပါသည်) ဖြစ်ပါသည်။

တိုးတက်များပြားလာသော ကူးစက်မဟုတ်သော ရောဂါများ၏ ဒဏ်ကို ဖွံ့ဖြိုးဆဲနိုင်ငံများက ပိုမိုခံစားရလိမ့်မည်ဟုလည်း ခန့်မှန်းထားကြပါသည်။ ကမ္ဘာနှင့်အဝန်းမှာ ကူးစက်မဟုတ်သော ရောဂါများကြောင့် သေဆုံးရခြင်း၏ ၇၇ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်းကောင်း၊ ကူးစက်မဟုတ်သောရောဂါများကြောင့် ဖြစ်ပေါ်စေမည့် ရောဂါဝန်ထုပ်ဝန်ပိုး၏ ၈၅ရာခိုင်နှုန်းသည် ဝင်ငွေနည်းသော၊ သို့မဟုတ် ဝင်ငွေ အလယ်အလတ်ရှိသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်းကောင်း ဖြစ်ပွားမည်ဟု ခန့်မှန်းထားကြပါသည်။

၂၀၀၅ခုနှစ်တွင် ကမ္ဘာနှင့်အဝန်း သေဆုံးခဲ့သူ စုစုပေါင်း ၅၈သန်း အနက် ၃၅သန်းတို့သည် နာတာရှည် ကူးစက်မဟုတ်သော ရောဂါများကြောင့် သေဆုံးခဲ့ပြီး ၎င်းကိန်းဂဏန်းသည် ကူးစက် ရောဂါများဖြစ်သော HIV/AIDSရောဂါ၊ တီဘီနှင့် ငှက်ဖျားရောဂါ၊ မိခင်နှင့် မီးတွင်း ကလေးသေပျောက်မှုနှင့် အာဟာရချို့တဲ့မှုကြောင့် သေဆုံးမှုအားလုံး စုစုပေါင်းထက် နှစ်ဆပိုများခဲ့ကြောင်း သိရပါသည်။ ယခုအခါတွင် ကူးစက်မဟုတ်သော နာတာရှည်ရောဂါများ၏ဒဏ်ကို ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများက အများဆုံး ခံစားနေရပါသည်။ ကူးစက်မဟုတ်သော ရောဂါများကြောင့် သေဆုံးမှု၏ ၂၀ရာခိုင်နှုန်းသည် ဝင်ငွေများသော ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားခဲ့ပါသည်။ ကျန်၈၀ရာခိုင်နှုန်းသည် ကမ္ဘာ့လူဦးရေ အများဆုံးနေထိုင်ရာ ဝင်ငွေ အလယ်အလတ်နှင့် ဝင်ငွေနည်းသော နိုင်ငံအများစုတွင် ဖြစ်ပွားခဲ့ပါသည်။ ကူးစက်မဟုတ်သောရောဂါများ၏ဒဏ်ကို ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများတွင် ပါမကျန် ခံစားနေရပါသည်။

ကူးစက်မဟုတ်သောရောဂါများကို ပိုမိုဖြစ်ပွားစေသောအကြောင်းအချက်များ များစွာရှိပါသည်။ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုရေးရာ၊ နိုင်ငံရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအချက်များအနေဖြင့်-

(၁) ကမ္ဘာနှင့်အဝန်း လွှမ်းခြုံဖြစ်ပေါ်လာခြင်း၊
(၂) မြို့ပြများ တည်ဆောက်လာခြင်း၊
(၃) သက်ကြီးရွယ်အိုအုပ်စု တိုးတက်လာခြင်းတို့ ပါဝင်ကြပါသည်။

၎င်းအကြောင်းအချက်များကြောင့် ကူးစက်မဟုတ်သောရောဂါများ ပိုမိုဖြစ်ပေါ်လာရပါသည်။

ပါမောက္ခ ဒေါက်တာ တင့်ဆွေလတ်

၎င်းတို့မှာ -

(၁) ကျန်းမာရေးနှင့်မညီညွတ်သော အစားအသောက်များ စားသုံးခြင်း၊
(၂) ကိုယ်ကာယလှုပ်ရှားမှု နည်းပါးလာကြခြင်းနှင့်
(၃) ဆေးရွက်ကြီးသုံးစွဲခြင်းတို့ ဖြစ်ကြပါသည်။

၎င်းအချက်များသည် ပြုပြင်ဖန်တီး၍ ရနိုင်သော အကြောင်းအချက်များ ဖြစ်ကြပါသည်။၎င်းတို့အပြင် ပြုပြင်ဖန်တီး၍ မရသော အခြား အကြောင်းအချက်များအနေဖြင့် အသက်အရွယ်နှင့် မျိုးရိုးဗီဇတို့ ပါဝင်ကြပါသည်။

အထက်ဖော်ပြပါ အကြောင်းအချက်များကြောင့်-

(၁) သွေးပေါင်ချိန် တိုးမြင့်လာခြင်း၊
(၂) သွေးတွင်း အချိုဓာတ် တိုးမြင့်လာခြင်း၊
(၃) သွေးတွင်းအဆီဓာတ်များ များပြားလာခြင်းများ ဖြစ်ပေါ်လာကြပါသည်။ နောက်ဆက်တွဲရလဒ်အနေဖြင့် အဓိကကျသော ကူးစက်မဟုတ်သော နာတာရှည်ရောဂါများဖြစ်သည့် နှလုံးသွေးကြောရောဂါများ၊ လေသင်တုန်း ဖြတ်ခြင်းရောဂါ၊ ကင်ဆာရောဂါများ၊ ဆီးချို သွေးချိုရောဂါနှင့် နာတာရှည် အသက်ရှူလမ်းကြောင်းပိတ်၍ ဖြစ်ပေါ်လာသောရောဂါများ ဖြစ်ပေါ်လာကြရပါသည်။

၎င်းကူးစက်မဟုတ်သော ရောဂါများ ပိုမိုဖြစ်ပွားစေသော အကြောင်းအချက်များတွင် အဖြစ်များပြီး ပြုပြင်ဖန်တီး၍ရနိုင်သော အကြောင်းအချက်များမှာ အဓိကကျပါသည်။ ၎င်းရောဂါ ပိုမိုဖြစ်ပွားစေသော အကြောင်းအချက်များကြောင့် ကူးစက်မဟုတ်သောရောဂါများသည် အသက်အရွယ်မရွေး၊ ကျား၊မ မရွေး ကမ္ဘာ့မည်သည့်ဒေသတွင်မဆို ပျံ့နှံ့ ဖြစ်ပွားလျက်ရှိကြပါသည်။ နှစ်စဉ် အနည်းဆုံး-

- **၄ဒသမ၉သန်းသော လူတို့သည် ဆေးရွက်ကြီးသုံးစွဲမှုကြောင့် သေဆုံးနေကြရပါသည်။**
- **၂ဒသမ၆သန်းသော လူတို့သည် အဝလွန်ကဲမှုကြောင့် သေဆုံးနေကြရပါသည်။**
- **၄ဒသမ၄သန်းသော လူတို့သည် သွေးတွင်းအဆီဓာတ်များပြားမှုကြောင့် သေဆုံးနေကြရပြီး**
- **၇ဒသမ၁သန်းသော လူတို့သည် သွေးတိုးခြင်းကြောင့် သေဆုံးနေကြရပါသည်။**

မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါ ကာကွယ်ရေးစီမံချက်သည် ကူးစက်မဟုတ်သောရောဂါများ ပိုမိုဖြစ်ပွားစေသော အကြောင်းအချက်များနှင့် ပတ်သက်၍ ၂၀၀၃ခုနှစ်တွင် ရန်ကုန်တိုင်း ၁၅ မြို့နယ်၌ မြို့ပြနှင့်ကျေးလက်နေသူများအား သုတေသနပြုလေ့လာခဲ့ပါသည်။ ၎င်းသုတေသနပြုချက်တွင် လူတို့၏ အပြုအမူဆိုင်ရာ အချက်များဖြစ်သော ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်း၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စားသုံးခြင်း အလေ့အထနှင့် ကိုယ်ကာယ လှုပ်ရှားမှု ပမာဏများ ပါဝင်ခဲ့ပါသည်။ ကိုယ်ခန္ဓာတိုင်းထွာမှု လေ့လာချက်များအနေဖြင့် ခန္ဓာကိုယ် သိပ်သည်းဆအညွှန်း (BMI)၊ ခါးပတ်လည်အတိုင်းအထွာ (Waist Circumference)နှင့် သွေးပေါင်ချိန် (Blood Pressure)များ တိုင်းထွာခဲ့ပါသည်။ဓာတ်ခွဲခန်းတွင် တိုင်းထွာမှုများအနေဖြင့် သွေးချိုဓာတ် (Blood Glucose)နှင့် သွေးတွင်းအဆီဓာတ် (Total Cholesterol)များ ပါဝင်ခဲ့ပါသည်။ ၎င်းသုတေသနပြုချက်သည် ကူးစက်မဟုတ်သော ရောဂါများနှင့် ပတ်သက်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကြံပြုချက်များအတိုင်း ဆောင်ရွက်နိုင်ခဲ့ပြီး အရှေ့တောင် အာရှနိုင်ငံများတွင်သာမက ကမ္ဘာ့အခြားနိုင်ငံများပါ ရင်ပေါင်တန်းနိုင်သည့် သုတေသနပြုချက် တစ်ခုဖြစ်ခဲ့ပါသည်။ ၎င်းသုတေသနပြုမှု၏ အဓိက တွေ့ရှိချက်များအနေဖြင့်-

- **၂၃ဒသမ၂ရာခိုင်နှုန်းသော သူတို့သည် လက်ရှိ ဆေးလိပ်နေ့စဉ်သောက်သုံးနေကြပါသည်။ ယင်းတို့အထဲတွင် အမျိုးသား ၃၆ရာခိုင်နှုန်းနှင့် အမျိုးသမီး ၁၁ဒသမ၁ရာခိုင်နှုန်းတို့ ပါဝင်ပါသည်။**
- **၁၁ဒသမ၉၆ရာခိုင်နှုန်းသော သူတို့သည် လွန်ခဲ့သည့် တစ်နှစ်ကာလအတွင်း အရက်သောက်သုံးခဲ့ကြပါသည်။ (အမျိုးသား ၂၅ဒသမ၉၆ရာခိုင်နှုန်းနှင့် အမျိုးသမီး၁ဒသမ၀၉ရာခိုင်နှုန်း) တို့သည် လွန်ခဲ့သည့် တစ်နှစ်ကာလအတွင်း အရက်သောက်သုံးခဲ့ကြပါသည်။**
- **၉၈ဒသမ၆၉ရာခိုင်နှုန်းသော သူတို့သည် သစ်သီးဝလံနှင့် ဟင်းသီး ဟင်းရွက်ကို ကျန်းမာရေးနှင့်ညီညွတ်အောင် စားသုံးသင့်သည့် ပမာဏထက်နည်း၍ စားသုံးနေကြပါသည်။**
- **၇ဒသမ၆၂ရာခိုင်နှုန်းသော သူတို့သည် ကိုယ်ခန္ဓာလှုပ်ရှားမှု နည်းပါးကြကြောင်း တွေ့ရပါသည်။**
- **၀ဒသမ၆ရာခိုင်နှုန်းသော သူတို့သည် BMIခေါ် ကိုယ်ခန္ဓာ သိပ်သည်းဆအညွှန်း 30 kg/m^2 ထက်ပို၍ အဝလွန်ကဲနေကြပါသည်။**
- **၂၃ဒသမ၅၄ ရာခိုင်နှုန်းသော သူတို့သည် သွေးတိုးရောဂါဖြစ်ပွားနေကြပါသည်။**
- **၈ဒသမ၅၂ရာခိုင်နှုန်းသော သူတို့သည် သွေးချိုရောဂါဖြစ်နေကြပါသည်။**
- **၂၆ဒသမ၂၆ ရာခိုင်နှုန်းသော သူတို့သည် သွေးတွင်းအဆီဓာတ် (Total Cholesterol)များနေကြပါသည်။**

အထက်ပါတွေ့ရှိချက်များအရ အချို့သော (Risk Factors)များသည် မြန်မာနိုင်ငံတွင်လည်း ဖြစ်နှုန်းများပြားလျက်ရှိကြောင်း တွေ့ရှိခဲ့ရပါသည်။ ဆိုလိုသည်မှာ မြန်မာနိုင်ငံတွင်လည်း ကူးစက်မဟုတ်သော ရောဂါများ ပျံ့နှံ့ဖြစ်ပွားရန် အကြောင်းအချက်များရှိနေသည်ကို ညွှန်ပြနေပါသည်။

ကမ္ဘာနှင့်အဝန်းတွင် ကူးစက်မဟုတ်သောရောဂါများကို ဖြစ်စေနိုင်သော အကြောင်းအချက်များ ဖြစ်ပေါ်နေခြင်းသည် ကူးစက်မဟုတ်သော ရောဂါများ ကမ္ဘာ့လူသားများ၏ ကျန်းမာရေးကို ခြိမ်းခြောက်နေကြောင်း မီးမောင်းထိုးပြလျက်ရှိနေခြင်းပင်ဖြစ်ပါသည်။ နောင်ဆယ်စုနှစ်များအတွက် ခန့်မှန်းချက်များအရ ကူးစက်ရောဂါများ၊ မိခင်နှင့် မီးတွင်းကလေးသေပျောက်ခြင်းများနှင့် အာဟာရချို့တဲ့မှုကြောင့် ဖြစ်ပေါ်လာသော ရောဂါများကြောင့် စုစုပေါင်း သေဆုံးနှုန်းသည် ၃ရာခိုင်နှုန်း လျော့နည်းကျဆင်းလာမည်ဖြစ်ကြောင်း သိရပါသည်။ သို့ရာတွင် ၎င်းဆယ်နှစ်အတောအတွင်းမှာပင် ကူးစက်မဟုတ်သောရောဂါများကြောင့် သေပျောက်နှုန်းမှာမူ ၁၇ရာခိုင်နှုန်း တိုးတက်လာမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။ တစ်နည်းအားဖြင့်ဆိုသော် အရေးပေါ် အရေးယူဆောင်ရွက်ချက်များ ယခုမှစ၍ မဆောင်ရွက်ခဲ့ပါလျှင် လာမည့် ၂၀၁၅ခုနှစ်တွင် သန်းပေါင်း ၆၄သန်း သေဆုံးသူများအနက် ၄၁သန်းတို့သည် နာတာရှည် ကူးစက်မဟုတ်သော ရောဂါများကြောင့် သေဆုံးကြရမည်ဖြစ်ပါသည်။ ။

ကမ္ဘာနှင့်အဝန်းတွင် ကူးစက်မဟုတ်သောရောဂါများကို ဖြစ်စေနိုင်သော အကြောင်းအချက်များ ဖြစ်ပေါ်နေခြင်းသည် ကူးစက်မဟုတ်သောရောဂါများ ကမ္ဘာ့လူသားများ၏ ကျန်းမာရေးကို ခြိမ်းခြောက်နေကြောင်း မီးမောင်းထိုးပြလျက်ရှိ။

နောင်ဆယ်စုနှစ်များအတွက် ခန့်မှန်းချက်များအရ ကူးစက်ရောဂါများ၊ မိခင်နှင့် မီးတွင်း ကလေးသေပျောက်ခြင်းများနှင့် အာဟာရချို့တဲ့မှုကြောင့် ဖြစ်ပေါ်လာသော ရောဂါများကြောင့် စုစုပေါင်းသေဆုံးနှုန်းသည် ၃ရာခိုင်နှုန်း လျော့နည်းကျဆင်းလာမည် ဖြစ်ကြောင်း သိရ။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် တက်ရောက် အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၇

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၂၆ရက် နံနက် ၉နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် တက်ရောက်အမှာစကားပြောကြားပြီး ပြိုင်ပွဲဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်သည်။

တက်ရောက်

အခမ်းအနားသို့ မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ တရားရုံးချုပ်

(အထက် မြန်မာပြည်) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ ရဲဗဟိုလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး ရဲမှူးချုပ်သိန်းတင့်၊ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်သန်းနှင့်အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးတိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်မောင်ထွန်းနှင့် ဆရာဝန်ကြီးများ၊ အမှတ်(၂) အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်နှင့် ပညာရေးမှူးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဆရာ ဆရာမများ၊ သူနာပြုများ၊ ဆုရကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ အစီအစဉ်အရ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မန္တလေးတိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားသည်။

သဝဏ်လွှာဖတ်ကြား

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးထံမှ ပေးပို့သည့် သဝဏ်လွှာအား မန္တလေးတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ထွဋ်က ဖတ်ကြားသည်။

ဆုချီးမြှင့်

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများချီးမြှင့်ပေးအပ်ရာ ရှေးဦးစွာ တိုင်းမှူးက ဗဟိုအဆင့် ဓာတ်ပုံနှင့် ပိုစတာပြိုင်ပွဲတွင် ဆုရရှိသူ နှစ်ဦး၊ ဗဟိုအဆင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦး၊ ဗဟိုအဆင့်တေးသီချင်းပြိုင်ပွဲတွင် အထူးဆုရရှိသူတစ်ဦး၊ ဗဟိုအဆင့်အသက်၂၀နှင့်အထက် ပန်းချီ အထူးဆုရရှိသူ တစ်ဦးတို့အား ဆုများချီးမြှင့်ပေးအပ်ပြီး **(အပေါ်ပုံ)** ပြိုင်ပွဲအမျိုးအစားများအလိုက် ဆုရရှိကြသူများအား မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် အမှတ်(၂)အခြေခံပညာဦးစီးဌာန (အထက်မြန်မာပြည်) ကိုယ်စားပြု အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူကလေးများ၏ မူးယစ်အန္တရာယ် ပညာပေးဇာတ်လမ်း တစ်ခန်းရပ် ပြဇာတ်တင်ဆက်မှုကို ကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အဆိုပါရုံးရှိ အစည်းအဝေးခန်းမအတွင်း ဌာနဆိုင်ရာ အသီးသီးက ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးပညာပေးပြခန်းနှင့် ဆုရရှိကြသူများ၏ ပန်းချီ၊ ကာတွန်း၊ ဝတ္ထု၊ ဆောင်းပါးများ ပြသထားမှုတို့ကို လှည့်လည် ကြည့်ရှုအားပေးကာ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်သဟာယအသင်း(ရန်ကုန်) ပညာသင်ဆု ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၇

ရခိုင်သဟာယအသင်း(ရန်ကုန်)က ကြီးမှူး၍ ပြည်ပ ရခိုင်လူမှုရေးအသင်းအဖွဲ့ဝင်များက လှူဒါန်းသော ပညာသင်ဆုချီးမြှင့်ပွဲကို ဇူလိုင် ၂ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန၌ ကျင်းပရာ ရခိုင်သဟာယအသင်းနာယက ဦးဘရွှေ၊ ဥက္ကဋ္ဌ ဦးအောင်ရွှေဦးတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ပညာသင်ဆုအဖြစ် ကျောင်းသားကျောင်းသူ ၄၄ဦးတို့အား တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ အဖွဲ့ပိုင် သုံးထပ် ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာ ပညာရေး ဗိမာန် တော် ကြီး) အတွက် မော်လမြိုင်မြို့ မြိုင်သာယာရပ်နေ ဒေါ်သိန်းကြည်နှင့် သားသမီးများ (9 Power–သောက်ရေသန့်) က ကျောင်း အလှူငွေကျပ် တစ်သိန်းငါးသောင်းကို ကျောင်းဖြစ်မြောက်ရေး အကျိုးဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ(နာလန္ဒာ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကလေးလူနာများအတွက် ဆေးဝါးပစ္စည်းများလှူဒါန်း

ရန်ကုန် ဇူလိုင် ၇

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌဒေါ်အေးအေး ဦးဆောင်သော မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ယမန်နေ့ မွန်းလွဲ၂နာရီက ကလေးဆေးရုံကြီး(ရန်ကုန်)သို့ သွားရောက်၍ ကလေးဆေးရုံကြီး(ရန်ကုန်)၌ တက်ရောက် ဆေးဝါးကုသမှုခံယူနေကြသော ကလေးလူနာများအတွက် ဆေးဝါးပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ကလေးဆေးရုံကြီး(ရန်ကုန်) ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ကြည်ဝင်းက နှုတ်ခွန်းဆက် စကားပြောကြားပြီး မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌဒေါ်အေးအေးက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဒုတိယဥက္ကဋ္ဌဒေါ်အေးအေးက ဆေးရုံတက်ရောက်ကာ ဆေးကုသမှုခံယူနေကြသည့် ကလေးလူနာများအတွက် ငွေကျပ် ၁၀သိန်းဖိုးရှိ ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးဒေါက်တာအောင်ကြည်ဝင်းက လက်ခံကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒီပဲယင်း လင်းရောင်ခြည်စာကြည့်တိုက် စာဖတ်ဝိုင်း

ဒီပဲယင်းမြို့နယ် ထုံးဘိုကျေးရွာ လင်းရောင်ခြည် စာကြည့်တိုက်ရှင်သန်ရေးအတွက် ဇွန် ၂၀ ရက်က အဆိုပါ စာကြည့်တိုက်၌ စာဖတ်ဝိုင်းကျင်းပရာ ကျေးရွာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဦးကံတင်က ချစ်နိုင် (စိတ်ပညာ)၏ ခေါင်းဆောင်လက်စွဲစာအုပ်မှ ခေါင်းဆောင်၏ စွမ်းရည်နှင့် တန်ဖိုးများအကြောင်းကို ဖတ်ကြားသည်။

ဆက်လက်၍ စာကြည့်တိုက်မှူး ဦးချမ်းမောင်က ဧပြီ ၂ ရက်ထုတ် မြန်မာ့အလင်း သတင်းစာမှ ဆောင်းပါးရှင် ဆင်ဖြူကျွန်းမြင့်သိန်း (မြန်စာဂုဏ်) ရေးသားသော ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ် စာပေ လေ့လာစို့ ဆောင်းပါးကို ဖတ်ကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုပ်/သံ ကျွမ်းကျင်(၃) ဦးအောင်လင်းက စာဖတ်ဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်နှင့် စာအုပ်တိုးပွားရေးနှင့် စာကြည့်တိုက် ငွေပဒေသာပင်စိုက်ထူရေးတို့ကို ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

ဗလာစာအုပ်နှင့် ကျောင်းသုံးပစ္စည်း ငွေကျပ်၉၂သိန်းဖိုး နွားထိုးကြီး၌လှူဒါန်း

နွားထိုးကြီးမြို့နယ် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံး ဗလာစာအုပ်အပါအဝင် ကျောင်းသုံးပစ္စည်း ငွေကျပ် ၉၂ သိန်းဖိုး ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇွန်၂၀ရက်က နွားထိုးကြီး အထက အောင်သူရိန်ခန်းမ၌ကျင်းပရာ မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးလှမိုးက အမှာစကားပြောကြားပြီး ရန်ကုန်မြို့နေ ဦးအောင်ချည်–ဒေါ်တင်လှိုင်မိသားစုက ဗလာစာအုပ်ဒါဇင် ၅၃၀၀၊ ကွန်ပျူတာ တစ်စုံနှင့် စာသင်ခုံများ စုစုပေါင်းငွေကျပ်၉၂သိန်းဖိုးကို ပေးအပ်လှူဒါန်းရာ မြို့နယ် ပညာရေးမှူး ဦးဝင်းမြင့်က လက်ခံယူကြောင်း သိရသည်။ (၂၂၇)

စဉ့်ကိုင် ထွေ/အုပ် ပညာသင်စရိတ်ထောက်ပံ့

စဉ့်ကိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဝန်ထမ်းများ၏ သား၊ သမီးများ ၂၀၀၇–၂၀၀၈ပညာသင်နှစ် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၈ရက် နံနက်၉နာရီက မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌက ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌနှင့် ဒုတိယဦးစီးမှူးတို့က တက္ကသိုလ်အဆင့်၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်များ ထောက်ပံ့ပေးအပ်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း

ပြည်တွင်း သတင်း အတိုအထွာ

တမူးမြို့ မဈေး သန့်ရှင်းရေးဆောင်ရွက်

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး အတွင်းအပြင်၌ သန့်ရှင်းရေးလုပ်ငန်းနှင့် ဈေးအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ ရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိရာ စည်ပင် ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူဈေးသားများ စုပေါင်းဆောင်ရွက်နေမှုကို ဇွန် ၁၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝေလင်းနှင့် အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

စာကြည့်တိုက် ပညာဆင့်ပွား သင်တန်းဖွင့်ပွဲ ကနီ၌ကျင်းပ

မုံရွာခရိုင် ကနီမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ပူးပေါင်း၍ စာကြည့်တိုက် ပညာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇွန် ၁၇ရက် နံနက် ၁၀နာရီက ပျဉ်တောကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အဖွဲ့ဝင် ဒုတိယရဲမှူးစိုးအောင်က အမှာစကားပြောကြားပြီး သင်တန်းဆက်လက်ပို့ချရာ စာကြည့်တိုက်ပညာ စီမံခန့်ခွဲရေးဘာသာရပ်ကို မြို့နယ်ဦးစီးမှူးဦးစန်းလွင်ဦးက လည်းကောင်း၊ မျိုးတူစု လုပ်ငန်းဘာသာရပ်ကို စာကြည့်တိုက်မှူး ဒေါ်သင်းသင်းအေးက လည်းကောင်း၊ မှတ်ပုံတင်ရေးသွင်းခြင်းလုပ်ငန်းကို ရုပ်/သံကျွမ်းကျင်(၃) ဦးမြသွင်ကလည်းကောင်း၊ စာအုပ်ထားသိုခြင်းနှင့် စာအုပ်ထိန်းသိမ်းခြင်း၊ ငှားရမ်းခြင်းဘာသာရပ်ကို အငယ်တန်းစာရေး ဒေါ်သန်းထိုက်အောင်တို့က လည်းကောင်း အသီးသီး သင်ကြားပို့ချခဲ့ကြသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား ၅၁ ဦး တက်ရောက်ကြသည်။ (မြို့နယ် ပြန်/ဆက်)

မြို့သာယာလှပရေး သဲကုန်း၌ ဆောင်ရွက်

သဲကုန်းမြို့ သာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် မြို့အဝင်ဆိုင်းဘုတ်တွင် မြေယာရှုခင်းအလှပြင်ခြင်း၊ လမ်းလယ်ကျွန်းတွင် ပန်းအလှပင်များ ဖြည့်တင်းစိုက်ပျိုးခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိဦးမောင်မောင်သွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

8-7 (05) 1 7/7/07, 2:00 PM

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက်အမှာစကားပြောကြား

ရွှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေး တာဝန်များပေးအပ်

နေပြည်တော် ဇူလိုင် ၇

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၀၇ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀နာရီက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသား

မှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း၊ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ရီ၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့် တိုင်း အသီးသီးမှ ပြည်နယ်၊ တိုင်းဦးစီးဌာနမှူးများ၊ အထူးခရိုင် ဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်၊ တိုင်း ဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများက ပြည်နယ်နှင့်တိုင်းများအလိုက် ရည်မှန်းချက် တာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများနှင့်ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကိုရှင်းလင်း တင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ခြုံငုံသုံးသပ်

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဦးစီးဌာနများအလိုက် လုပ်ငန်းဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မှု အခြေအနေများကို ခြုံငုံသုံးသပ်ဆွေးနွေး တင်ပြကြပြီး ဒုတိယဝန်ကြီးက လုပ်ငန်း လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေး တင်ပြသည်။

ဆုများပေးအပ်

ထို့နောက် ဝန်ကြီးက ဝန်ကြီးဌာန၏ လုပ်ငန်းစွမ်းဆောင်ရည် ပထမဆုရ တနင်္သာရီတိုင်း ဦးစီးဌာနမှူး ဦးထွန်းဝေ၊ ဒုတိယဆုရ ဧရာဝတီတိုင်း ဦးစီးဌာနမှူး ဦးညြ**(အောက်ဝဲပုံ)**၊ တတိယဆုရ မကွေးတိုင်း ဦးစီးဌာနမှူး ဦးချိုထွန်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဇဟို ဝန်ထမ်းတက္ကသိုလ်များ၌ သင်တန်းများ တက်ရောက်ရာတွင် ထူးချွန်ဆုရရှိကြသည့် ဝန်ကြီးဌာနမှ သင်တန်းသား၊ သင်တန်းသူများနှင့် လုမှုထူးချွန်တံဆိပ်ဒုတိယဆင့် ရရှိသူတို့အား ဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

တာဝန်များပေးအပ်

ယင်းနောက် ဝန်ကြီးက ၂၀၀၇ခုနှစ်အတွက် ဦးစီးဌာနအလိုက် ရွှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရန်တာဝန်များကို ညွှန်ကြားရေးမှူးချုပ်များထံ ပေးအပ်သည်။

ကျေပွန်စွာထမ်းဆောင်

ထို့နောက် ဝန်ကြီးက တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး ဦးစီးဌာနအလိုက် ရည်မှန်းချက်တာဝန်များ ကျေပွန်စွာထမ်းဆောင်နိုင်ရေးနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး တို့အတွက် ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြရေးတို့ကို နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယ နိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့ မြေ နှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ အမှတ် ၄၁၊ မြဝတ်ရည်လမ်းနေ ဦးမောင်မောင်–ဒေါ်သန်းသန်း

မိသားစုက အလှူငွေကျပ် ၁၁၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘောလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။

(က–ပ)

သုံးခွမြို့နယ်၌ စာကြည့်တိုက်ဆောက်လုပ်ရန် ငွေလှူဒါန်း စာဖတ်ဝိုင်းနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကျင်းပ

သုံးခွ ဇူလိုင် ၇

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ကွန်ကလ ကျေးရွာအုပ်စု ဆင်ခိုးကျေးရွာ မူလတန်းကျောင်း၌ စာကြည့်တိုက်ဆောက်လုပ်ရန် ငွေလှူဒါန်းပွဲ၊ စာဖတ်ဝိုင်းနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ဇွန် ၂၂ရက်က ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးကြူဝင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးညွှန့်ရွှေ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

စာဖတ်ဝိုင်းကျင်းပ

ရှေးဦးစွာ စာဖတ်ဝိုင်းကျင်းပရာ မောင်အောင်မြင့်မြတ်က ဇူပြီ ၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာမှ ချစ်နိုင်(စိတ်ပညာ)၏ စည်းကမ်းရှိမှ၊ မောင်သက်ပိုင်စိုးက ချစ်နိုင်(စိတ်ပညာ)၏ ခေါင်းဆောင်မှုပညာ သိကောင်းစရာစာအုပ်မှ သာယာကုန်းရွာသို့ တစ်ခေါက်၊ မရီမြင့်က ဒို့ကျေးရွာ အတွဲ(၄)၊ အမှတ်(၁)မှ ဦးသန်းထွန်း (ရွှေဘို)၏ မြန်မာ့ပညာဆောင်းပါးများကို ဆွေးနွေးသည်။

လှူဒါန်း

ထို့နောက် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို ခင်းကျင်းပြသပြီး**(အပေါ်ပုံ)**၊ ပြည်သူ့အလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဆောက်လုပ်ရန် ဦးဝင်း၊ (ဒေါ်အုန်းကြည်) မိသားစုတို့က ငွေကျပ်တစ်သိန်း၊ ဦးနီ၊ဒေါ်လှရွှေတို့က ငွေကျပ်တစ်သိန်းကို စာကြည့်တိုက်ဥက္ကဋ္ဌ ဦးအောင်သန်းထံ မတည်လှူဒါန်းကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စာအုပ်မျိုးစုံ ၂၁၃အုပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၇ ခုနှစ် ဇူလိုင်လအတွက်
(၈–၇–၂၀၀၇) ရက်နေ့
နှင့်
(၂၉–၇–၂၀၀၇)ရက်နေ့

မုန်တိုင်းငယ် အားပျော့

နေပြည်တော် ဇူလိုင် ၇

ဘင်္ဂလား ပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော အပူပိုင်း မုန်တိုင်းငယ်သည် ဇူလိုင် ၅ရက် ညပိုင်းက ဘင်္ဂလားဒေ့ရှ်ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ကုန်းတွင်း မုန်တိုင်းငယ်အဖြစ် တည်ရှိခဲ့ကာ ယမန်နေ့ နံနက်၆နာရီခွဲ တိုင်းထွာချက်များအရ အဆိုပါ ကုန်းတွင်း မုန်တိုင်းငယ်သည် အားပျော့သွားပြီဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ဇူလိုင် ၁ ရက်က ၂၀၀၇ခုနှစ် (၁၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တိုက်ကွမ်ဒိုပြိုင်ပွဲဆုပေးပွဲကို အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသမီးပွဲစဉ်၌ ပထမဆုရရှိသော ကယားပြည်နယ် အမျိုးသမီးအသင်းအား တံခွန်စိုက် ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။

(မြန်မာ့အလင်း)

မြဝတီရုပ်မြင်သံကြား

၈–၇–၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ် ချိုနှာဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေး တေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေး တေးကဗျာ

နေ့လယ်ပိုင်း

၁၂:၀၀	၁။	မြဝတီအဖွင့်
၁၂:၀၅	၂။	အဖွင့်သီချင်း
၁၂:၁၀	၃။	မျိုးချစ်တပ်မတော်
၁၂:၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ချိုမြိန်လက်ရာ**
၁၃:၅၀	၆။	အမျိုးသားရေး တေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၂၀	၃။	လက်စွမ်းပြဟန် ဂီတသံ
၄:၃၀	၄။	အမျိုးသားရေး တေးကဗျာ
၄:၃၅	၅။	ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄:၄၅	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀	၇။	သံစဉ်များနှင့်ကမ္ဘာ
၆:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၉။	နိုင်ငံတကာသတင်း
၆:၂၀	၁၀။	အမျိုးသားရေး တေးကဗျာ
၆:၄၀	၁၁။	လျှပ်တစ်ပြက်
၆:၄၅	၁၂။	အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၇:၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြင်မြင်ချင်းပဲကွယ်** (အပိုင်း–၁၀)
၈:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေး တေးကဗျာ
	၁၇။	ပဟေဠိနန်းတော်
	၁၈။	ကျန်းမာသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သေကံမရောက်** (အပိုင်း–၃)

မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု

ဇေယျာဝတီတိုင်း မိုးရာသီသစ်ပင်စိုက်ပွဲတော်ကျင်းပ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်စိုက်ပျိုးပေး

ရန်ကုန် ဇူလိုင် ၇

၂၀၀၇ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇေယျာဝတီတိုင်း မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို ဇူလိုင် ၁ ရက် နံနက် ၈ နာရီက ပုသိမ်နည်းပညာတက္ကသိုလ်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရ မြင့်အောင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် တင့်ဆွေနှင့်ဇနီး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ တိုင်းအေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်း ရေးမှူး ဦးကျော်စန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ပုသိမ်နည်း ပညာတက္ကသိုလ်မှ ကထိကများနှင့် ဆရာ ဆရာမများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက် ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ အခမ်းအနားကို ဖွင့်လှစ် ပြီး ဧရာဝတီတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က သစ်ပင် ဖြန့်ဝေမည့်အစီအစဉ်နှင့် တိုင်းအတွင်း သစ်ပင်စိုက်ပျိုးသွားမည့် အစီအစဉ်များ ကို ရှင်းလင်းတင်ပြသည်။

သစ်ပင်စိုက်ပျိုးပေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သူရ မြင့်အောင်က တက်ရောက်လာသော အမျိုးသမီးရေးရာအဖွဲ့၊မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ စစ်မှု ထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့၊ ပုသိမ်နည်းပညာ တက္ကသိုလ်မှတာဝန်ရှိသူများအားသစ်ပင် များဖြန့်ဝေပေးကာတိုင်းမှူးက ဦးဆောင် ၍ သစ်ပင်စိုက်ပျိုးပေးပြီး **(အပေါ်ယာပုံ)** တက်ရောက်လာသူများ၏ စုပေါင်း စိုက်ပျိုးမှုကို ကြည့်ရှုအားပေးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထူထောင်စိုက်ပျိုးသွားမည်

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော် တွင် ခရေ၊ ကံ့ကော်၊ ပုန်းညက်၊ ပိတောက်၊ မဟော်ဂနီ၊ ရေတမာ၊ အော်ရေးရှား၊ ငုရွှေ၊ သရက်၊ ပိန္နဲ၊ ခြံစည်းရိုးကြက်ဆူ စုစုပေါင်း ၁၇၄၁၀ စိုက်ပျိုးခဲ့ပြီး ဧရာဝတီတိုင်းတွင် မိုးရာသီ ကာလ၌ ပြည်သူလူထုလှုပ်ရှားမှု အနေ ဖြင့် ပျိုးပင် ၄၅၀၀၀၀ကို ဖြန့်ဝေ စိုက်ပျိုးသွားမည်ဖြစ်၍ ဌာနပိုင် သစ် တောစိုက်ခင်းများအနေဖြင့် ကျွန်းဧက ၂၂၀၀၊ ပျဉ်းကတိုးဧက ၂၀၀၊ စက်မှု ကုန်ကြမ်းစိုက်ခင်းဧက ၂၀၀၀၊ ကျေးရွာ သုံး စိုက်ခင်း ဧက ၁၇၀၀၊ ရေဝေရေလဲ စိုက်ခင်းဧက၅၀၀ စုစုပေါင်းဧက ၆၆၀၀ ထူထောင်စိုက်ပျိုးသွားမည် ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

၎င်းနောက် တိုင်းမှူးသည် ပုသိမ်မြို့ အဝင်ဂိတ်၌ မြေယာအလှပြင်လုပ်ငန်း နှင့် ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးထား ရှိမှုကိုလည်းကောင်း၊ ပုသိမ်တက္ကသိုလ် အဝင် မုခ်ဦးတည်ဆောက်ရေးလုပ်ငန်း ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်ရှိ သီရိမင်္ဂလာ ဘုန်းတော်ကြီး သင် ပ ညာ ရေး ကျောင်း၌ လုပ်အားပေး ပညာသင်ကြားပေးနေသော ဆရာမငါးဦးတို့အား ဝတ်စုံနှင့် တစ်ဦး အတွက် တစ်နှစ်စာ ထောက်ပံ့ငွေ ကျပ် တစ်သိန်းနှစ်သောင်းကို ကျောင်းအုပ်ဆရာတော် ရှေ့မှောက်၌ အလှူရှင် ဆရာမကြီး ဒေါ်ရွှေပု (D.S.P) နည်း ပြ မိသားစုက ဆရာမများအား ပေးအပ်စဉ်။ (၁၁၅)

၂၀၀၇ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနား လားရှိုး၌ကျင်းပ

ရန်ကုန် ဇူလိုင် ၇

၂၀၀၇ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ဇူလိုင်၃ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၏ဇနီး ဒေါ်စုစုလှိုင်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ လားရှိုးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ဆရာမများ၊ မီးသတ်နှင့် ကြက်ခြေနီအမျိုးသမီးတပ်ဖွဲ့ဝင်များ၊ ဆုရရှိကြ သည့် ကျောင်းသူများနှင့် ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင့် ဝင့်နိုင်က ဂုဏ်ပြုအမှာစကားပြောကြား သည်။

ဆုများပေးအပ်ချီးမြှင့်

ထို့နောက် ၂၀၀၇ခုနှစ် မြန်မာ အမျိုးသမီးများနေ့အထိမ်းအမှတ် စာစီ စာကုံး ပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက် ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်စဝ်တင်မြ က ပြည်နယ်အဆင့်စာစီစာကုံးပြိုင်ပွဲတွင် အလယ်တန်းအဆင့် ဆုရရှိကြသည့် ကျောင်းသူများအားလည်းကောင်း၊ ရှမ်း ပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာ အဖွဲ့ အတွင်းရေးမှူး ဒေါ်မိုမိုအေးက ပြည်နယ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့်၌ ဆုရရှိကြသည့် ကျောင်းသူများအား လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင့်ဝင့်နိုင်က ပြည်နယ်အဆင့် စာစီစာကုံးပြိုင်ပွဲတွင် တက္ကသိုလ်အဆင့်၌ ဆုရရှိကြသည့် ကျောင်းသူများအား လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး၏ဇနီး ဒေါ်စုစုလှိုင်က မြန်မာ့ ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲတွင်ဆုရရှိခဲ့သော ကျောင်းသူ တစ်ဦးနှင့် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဝိဇ္ဇာဘာသာတွဲဖြင့် တစ် နိုင်ငံလုံး၌ တတိယရရှိသည့် ကျောင်းသူ တစ်ဦးတို့အားလည်းကောင်း ဆုများ ကို ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနား ကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယတိုင်းမှူး၏ ဇနီးနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ သည် ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်တို့က ပြသထားသော မှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှု အားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေကြည်မြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၇

ရေကြည်မြို့နယ်အသင်း (ရန်ကုန်) ၏ ရေကြည်မြို့နယ် ဇာတိဆရာတော် ကြီးကိုးပါးတို့အား (၁၇)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကို ဇူလိုင် ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် သရက်တောတိုက် စိတ္တသုခ ကျောင်းတိုက် လမ်းမတော်မြို့နယ်တွင် ကျင်းပမည်ဖြစ်သည်။ အသင်းသူ အသင်းသားများ၊ ရေကြည်မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် နှင့် ပါဝင်လှူဒါန်းလိုသူများ ဥက္ကဋ္ဌ ဦးသန်းမြင့် ဖုန်း-၀၉-၈၀-၂၂၇၁၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အေး ဖုန်း- ၅၅၉၅၃၆၊ အတွင်းရေးမှူး ဦးလှဝင်း ဖုန်း- ၂၁၁၀၁၀၊ တွဲဖက်အတွင်းရေးမှူး ဦးကြည်ဆန်း ဖုန်း- ၇၀၉၈၉၀၊ ဘဏ္ဍာ ရေးမှူး ဦးကြည်ဝင်း ဖုန်း- ၀၉-၉၉- ၇၃၆၉၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင် ကြောင်း သိရသည်။ **(က-ပ)**

မူးယစ်ကင်းစင် အလှဆင်

သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး မင်္ဂလာတောင်ညွန့်မြို့နယ်၌ ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၇

မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ ပူးပေါင်းလျက် သွေးလွန် တုပ်ကွေး ကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်း လုပ်ငန်းများအား မင်္ဂလာတောင်ညွန့်မြို့နယ်ရဲစခန်း၊ မိသားစုလိုင်း၊ မြေတံတားရဲလိုင်းတို့တွင် ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးချစ်ကိုကို၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်း ရေးမှူး ဦးဇော်လင်းနှင့် အလုပ်အမှုဆောင်အဖွဲ့၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ် ရေးမှူးဦးသန့်ဇင်သိမ်းနှင့် မြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်မှူးတို့က လိုအပ်သည့် လုပ်ငန်း များ ပူးပေါင်းဆောင်ရွက်ပေးကြောင်း သိရသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

မုဒုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဆယ်အိမ်စုမှူး ဆရာဖြစ်သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၇

မုဒုံမြို့နယ် မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ် သော ဆယ်အိမ်စုမှူး ဆရာဖြစ် သင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန် ၂၅ရက်က မြို့နယ်ပြည်ထောင်စုကြံ့ခိုင် ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အစည်းအဝေး ခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ထားထားလွင်၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ တင်ဌေး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဝင်များ၊ သင်တန်းသား၊ သင်တန်းသူ များ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ တွင် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ထားထားလွင် **(အပေါ်ယာပုံ)** နှင့် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဌေးတို့က သင်တန်း ဆင်း အမှာစကား ပြောကြားသည်။

ဆက်လက်၍ ထူးချွန်ဆုချီးမြှင့် ပွဲကို ကျင်းပရာ သင်တန်းသူ ပထမ ဆုရ ကျုံပိုက်ကျေးရွာမှ ဒေါ်ရွှေဝင်း၊ ဒုတိယဆုရရှိသော ကွမ်တာကျေးရွာမှ ဒေါ်မြအုံးနှင့် တတိယဆုရရှိသော ကျိုက်ရွဲကျေးရွာမှ ဦးကျော်စိုးတို့အား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက် ရေးအသင်းဥက္ကဋ္ဌ ဒေါ်ထားထားလွင်က ဆုချီးမြှင့်ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို ဇွန်၁၈ရက်မှ ဇွန် ၂၅ရက်အထိ ဖွင့်လှစ်သင်ကြားရာ ကျေးရွာရပ်ကွက်များမှ သင်တန်းသူ၊ သင်တန်းသား ၄၅ ဦး တက်ရောက်ခဲ့ သည်။ **(သတင်းစဉ်)**

ပဲခူးမြစ်ရေ စိုးရိမ်ရေမှတ်ရောက်နိုင်

နေပြည်တော် ဇူလိုင် ၇

ပဲခူးမြစ်ရေသည် ယမန်နေ့ မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက် အရ ပဲခူးမြို့တွင် ၉၁၀ စင်တီ မီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယမန်နေ့ မွန်းတည့်မှနောက်၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၉၁၀ စင်တီမီတာအထက်တွင် ဆက် လက် တည်ရှိနိုင်ကြောင်း မိုးလေ ဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ရေနံချက်စက်ရုံ(သန်လျင်)ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၇

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်း သန်လျင်မြို့နယ်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးအား စက်ရုံ အစည်းအဝေးခန်းမ၌ စက်ရုံမှူး ဦးဖေသက်ညွှန့်က လျာထားချက်များအလိုက် ရေနံထွက်ပစ္စည်းများ ချက်လုပ်သိုလှောင်ဖြန့်ဖြူးမှုအခြေအနေများကိုလည်းကောင်း၊ သုတေသနနှင့် အမျိုးအစားစစ်ဆေးရေးဌာနမှ ဌာနမှူး ကျွမ်းကျင်သူ ဦးထွန်းမြင့်က လက်ရှိဆောင်ရွက်လျက်ရှိသော ခြံစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်စမ်းသပ် ထုတ်လုပ်တိုးတက်မှု အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်)အနေဖြင့် ရည်မှန်းချက် ပြည့်မီအောင် ရေနံထွက်ပစ္စည်း ချက်လုပ်ဖြန့်ဖြူးရမည်ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း အလေအလွင့်ထိန်းသိမ်းရေး၊ မသမာမှုများပပျောက်ရေးတို့ကိုလည်း အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် ဇီဝဒီဇယ်နှင့်ပတ်သက်၍လည်း အရည်အသွေးထိန်းသိမ်းရေး အပိုင်းအတွက် သုတေသနလုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန် ပြောကြားပြီး ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် စက်ရုံဝင်းရှိ သုတေသနနှင့် အမျိုးအစားစစ်ဆေးရေးဌာနဝင်းအတွင်း ဇီဝဒီဇယ် သုတေသနလုပ်ငန်း ဆောင်ရွက်လျက်ရှိသော 10 Liter Batch Type Pilot Plant Bio Diesel စက်ရုံပုံစံငယ်ကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် နှစ်ပတ်လည်ပုံမှန်ကြံ့ခိုင်ရေးဆောင်ရွက်လျက်ရှိသော ရေနံချက်စက်ရုံ(၈)ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)ရှိ သုတေသနနှင့် အမျိုးအစားစစ်ဆေးရေးဌာနဝင်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ဇူလိုင် ၆ ရက်က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေး ကလေးဆေးရုံကြီး(ရန်ကုန်)၌ တက်ရောက်ကုသနေသည့် ကလေးလူနာများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။
(သတင်း-၅) (မိခင်/ကလေး)

မြန်မာ့ရုပ်မြင်သံကြား

၈-၇-၂၀၀၇ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ အဘိဓ္ဓ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈း၀၅ ၆။ အရေးပြိုင်ပွဲ
- ၈း၁၅ ၇။ အစဉ်အလာကောင်းသည့် လှိုင်းချောင်းတမံ
- ၈း၂၀ ၈။ အတီးပြိုင်ပွဲ
- ၈း၃၀ ၉။ International News
- ၈း၄၅ ၁၀။ Say it in English

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၅ ၄။ Yan Can Cook
- ၁၁း၅၅ ၅။ မြန်မာရုပ်ရှင် **ချစ်သူရွေးမယ် ချစ်ဝဲလယ်** ဝင်းဦး၊ မြင့်မြင့်ခင်၊ တင်တင်နွဲ့၊ မြင့်မြင့်ခိုင်၊ စမ်းစမ်းအေး၊ နွဲ့နွဲ့မူ၊ ချိုပြုံး၊ စန္ဒာ (ဒါရိုက်တာ-ဝင်းဦး)
- ၁၄း၁၅ ၆။ စွမ်းဆောင်ရည်မြင့်မား မြန်မာအမျိုးသမီးများ
- ၁၄း၂၅ ၇။ တေးဂီတအစီအစဉ်
- ၁၄း၃၅ ၈။ စွမ်းဆောင်ရည်မြင့်မား မြန်မာအမျိုးသမီးများ (အပိုင်း-၂)
- ၁၄း၄၅ ၉။ International News

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ English for Everyday Use
- ၁၆း၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ်(ဥပဒေပညာ အထူးပြု) [ဥပဒေပညာ]
- ၁၆း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၁၇း၁၀ ၆။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈း၀၀ ၇။ ညနေခင်းသတင်း
- ၁၈း၃၀ ၈။ မိုးလေဝသအခြေအနေ
- ၁၈း၃၅ ၉။ သီရိဂေဟာ
- ၁၉း၀၅ ၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **သမားတော်** (အပိုင်း-၄၁)
- ၂၀း၀၀ ၁၁။ ပြည်တွင်းသတင်း
- ၁၂။ နိုင်ငံတကာသတင်းများ
- ၁၃။ မိုးလေဝသအခြေအနေ
- ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာနှောင်ကြိုး** (အပိုင်း-၄)
- ၁၅။ နောက်တစ်နေ့အစီအစဉ်
- ၁၆။ အစီအစဉ်ပြီး၏။

သဲအင်းဂူ ဝါတွင်းအထူးအဓိဋ္ဌာန် တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၇

ရန်ကုန်တိုင်း မော်ဘီမြို့နယ်ရှိ သဲအင်းဂူ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါတွင်းသုံးလ အထူးအဓိဋ္ဌာန် တရားစခန်းကို ဇူလိုင် ၃၀ ရက်မှ အောက်တိုဘာ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများသည် ဖုန်း-၆၂၀၀၁၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ခုနှစ် ပညာသင်နှစ် ကျောင်းကောင်စီ ကတိသစ္စာခံယူပွဲကို ဇူလိုင် ၆ ရက်က မြညီလာခန်းမ၌ကျင်းပရာ အထက-၂ လသာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာသီဂီကျော်က အသင်းခေါင်းဆောင် ကျောင်းသူတစ်ဦးအား အသင်းအလံပေးအပ်စဉ်။ (က-ပ)

မှတ်သားဖွယ်ရာ မိုးရေချိန်

(၇-၇-၂၀၀၇)

ဖျာပုံ
၁၀ ဒသမ ၉၉ လက်မ

လောင်းလုံ
၁၀ ဒသမ ၄၃လက်မ

ဟသ်ာတ
၈ ဒသမ ၆၆လက်မ

မောင်တော
၇ ဒသမ ၅၉လက်မ

ထားဝယ်
၇ ဒသမ ၃၆လက်မ

စစ်တွေ
၇ ဒသမ ၃၆လက်မ

ရန်ကုန်(ကမ္ဘာအေး)
၆ ဒသမ ၆၉လက်မ

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အမှုဆောင်အဖွဲ့သစ် ပြန်လည်ဖွဲ့စည်း

ရန်ကုန် ဇူလိုင် ၇

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှုဆောင်အဖွဲ့ဟောင်းမှ အမှုဆောင်အဖွဲ့သစ်သို့ တာဝန်လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လွှဲပြောင်းပေးအပ်

ရှေးဦးစွာ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့် **(အပေါ်ပုံ)**က အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးကြည်စိုးထွန်းက နှုတ်ဆက်စကားပြောကြားပြီး ဥက္ကဋ္ဌသစ် ဦးမြင့်သိန်းဖေထံ တာဝန်များကို လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် ဥက္ကဋ္ဌသစ် ဦးမြင့်သိန်းဖေက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွဲ့စည်းပေး

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှုဆောင်အဖွဲ့သစ်ကို ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေ၊ အတွင်းရေးမှူး ဦးစိုးထိုက်အောင် (မလိခ)၊ ဘဏ္ဍာရေးမှူး ဦးဇော်မင်း(မင်္ဂလာ)နှင့် အဖွဲ့ဝင် ၂၅ ဦးတို့ဖြင့် ဖွဲ့စည်းထားပြီး အခြေခံအလွှာ အမှုဆောင်ကော်မတီ ၁၀ ဖွဲ့ကိုလည်း ပြန်ကြားရေးဝန်ကြီးဌာနက ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

၂၀၀၇ ခုနှစ် ကမ္ဘာ့လူဦးရေနေ့

မိခင်ဘဝကျန်းမာမှု လက်တွဲဖော်ပြု အမျိုးသားထု

Men as Partners in Maternal Health

၂၀၀၇ ခုနှစ် ဇူလိုင်လ ၁၁ ရက် **11th July 2007**

ကျေးရွာတစ်ရွာ ကုန်ထုတ်လုပ်ငန်းတစ်ခု နိုင်ငံအကျိုးပြု

■ *ကျောဖုံးမှ*

ပေါက်ကုန်းရွာ

မင်းလှမြို့နယ်သည် မြေမျက်နှာသွင်ပြင်အားဖြင့် အရှေ့မှအနောက်သို့ နိမ့်ဆင်းသွားပြီး တောင်ပေါ်ပိုင်း၊ မြေပြန့်ပိုင်း၊ မြေနိမ့်ပိုင်းဟူ၍ရှိရာ အဆိုပါ သဘာဝမြေအနေအထားအရ မြေနိမ့်ပိုင်း ရေဝပ်ရာကွင်းပိုင်းတွင် လယ်ယာစိုက်ပျိုးပြီး အထက်ပိုင်းကုန်းမြင့်တွင် သီးနှံစိုက်ပျိုးခြင်းကို ပေါက်ကုန်းရွာလေးသည် နေရာတကျစီစဉ်စိုက်ပျိုးနိုင်ခြင်းကြောင့် မင်းလှမြို့နယ်၌ စိုက်ပျိုးရေး၌ နာမည်ရခဲ့သည်။

ပုပြင်းစွတ်စိုသော သဘာဝရာသီဥတုနှင့် ပထဝီမြေမျက်နှာသွင်ပြင်ပေါ်မူတည်၍ တစ်နှစ်တာပတ်လုံး သီးနှံစုံကို မပြတ်စိုက်ပျိုးကြောင်းမေးမြန်းသိရှိခဲ့ရသည်။ တပေါင်းလမှ ဝါဆိုလကုန်ထိ ပုံလုံသီးခေါ် ပဲလင်းမြွေသီးကို စိုက်ပျိုးပြီး ဝါဆိုလကုန်မှ သီတင်းကျွတ်လပြည့်အထိ မတ်ပဲစိုက်သည်။ တစ်ဖန် သီတင်းကျွတ်လပြည့်မှ ပြာသိုလအထိ မုန်လာဥစိုက်ပြီး ကြားညှပ်မြေပဲစိုက်သည်။ မြေပဲကို တပေါင်းလနုတ်ပြီး ပုံလုံပြန်စိုက်သည်။ ထိုသို့ဖြင့် စိုက်ပျိုးရေးသံသရာလည်ကာ ပေါက်ကုန်းရွာလေးစည်ပင်ခဲ့သည်။ မိုးရာသီတွင် မြေနိမ့်ပိုင်းကွင်းလယ်၌စပါးစိုက်ပြန်သည်။

ပုံလုံသီး

ပဲခူးတိုင်း (အနောက်ပိုင်း)တွင် မင်းလှမြို့နယ်ကို စိုက်ပျိုးရေးအထူးဇုန်အဖြစ် သတ်မှတ်ရာတွင် ပေါက်ကုန်းရွာသည် တစ်ခန်းတစ်ကဏ္ဍမှ အကောင်အထည်ဖော်ပေးနေသည်ကို တွေ့ရှိနိုင်သည်။ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးအရဆိုလျှင် ပေါက်ကုန်းရွာသည် စိုက်ပျိုးရာသီ၌ မင်းလှနယ်တစ်ကြောတွင် ပုံလုံသီး (ခေါ်) ပဲလင်းမြွေသီးအဓိကထွက်ရှိရာ ကျေးရွာဖြစ်ကြောင်း တွေ့ရသည်။ ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံ၊ သီရိမင်္ဂလာဈေးသို့ ကားကြီးကားငယ် အသွယ်သွယ်ဖြင့် နေ့စဉ်တင်ပို့နေရကြောင်း တွေ့ရှိသိခဲ့ရသည်။ ပိုးမွှားဒဏ်နှင့် ရာသီဥတုဒဏ်ကို ခံနိုင်ပြီး စိုက်ပျိုးဖြစ်ထွန်းလွယ်သော ပဲလင်းမြွေသီးသည် ဒသမ ၂၂ဧက ဒေသအခေါ် တစ်ကြိုးစိုက်ရုံဖြင့် တောင်သူတစ်ဦးကို ငါးလအတွင်း အမြတ်တစ်သိန်းခွဲကျော် ရစေသည်။

မြေသြဇာ

သဘာဝမြေသြဇာဖြစ်သောနောက်ချေးနှင့် ပုလဲ၊ အာမို၊ တီစူပါအစရှိသည့် ဓာတ်မြေသြဇာများကို အချိုးကျရောစပ်၍ အသီးခူးပြီးတိုင်း ခုနစ်ရက် (တစ်ပတ်) မြေသြဇာကျွေးခြင်းဖြင့် တစ်ရာသီအတွင်း အဆိုပါသီးနှံသည် ဒေသထွက်ကုန်အဖြစ် လှိုင်လှိုင်ပေါများစေခဲ့သည်။

သယံဇာတ

မြေသယံဇာတ၊ ရေသယံဇာတ ပေါကြွယ်ဝသောမြန်မာနိုင်ငံတွင် မိမိတို့ကျေးရွာ၏ တည်ရှိဖြစ်ပေါ်နေသော သဘာဝအရ နေရာတကျစိုက်ပျိုးနိုင်ခြင်းကြောင့် ပေါက်ကုန်းရွာသည် စိုက်ပျိုးရေးတွင်နာမည်ရပြီး ဒေသထွက်ကုန်အဖြစ် ကျေးရွာကို ထင်ပေါ်ကျော်ကြားစေခဲ့သည်။

"ဒီပုံလုံသီးနဲ့က ရေကြိုက်သလို အကြမ်းခံနိုင်တဲ့ အပင်လဲ ဖြစ်တယ်။"
ဦးဟန်ရွှေ (တောင်သူ)

တင်ပို့ရန်

ထို့ကြောင့်လည်း ပေါက်ကုန်းရွာရှိ အိမ်တိုင်းလိုလို ဤရာသီတွင် ပဲလင်းမြွေသီးစိုက်ကြပြီး ကျေးရွာရှိ အိမ်ခြံစည်းဝိုင်းထိပ်တိုင်းတွင် ရန်ကုန်သို့ တင်ပို့ရန် အသီးများတောင်လို့ ပုံထားသည်ကို တွေ့ရသည်။

ခြံစည်းဝိုင်းရှေ့ ပုံလုံသီးတောင်ပုံကြီးများအား စိတ်ဝင်စား၍ ဈေးကွက်တင်ပို့ရန် စောင့်ဆိုင်းနေသော ကိုယ်တိုင် စိုက်ပျိုးရောင်းချသူ မညိုညိုသန်းနှင့် မြန်မာ့အလင်းသတင်းအဖွဲ့ တွေ့ဆုံမေးမြန်းခဲ့ရာ "ကျွန်မတို့အသီးစပေါ်ချိန်က တစ်စည်း ငါးတောင့်ပါ၊ ငါးစည်းတွဲကို ငွေကျပ်၁၈၀၀ နှုန်းရပါတယ်။ အခုတော့ အသီးလှိုင်လှိုင်ပေါ်ချိန်မို့ ငွေကျပ် ၁၂၀၀နှုန်းပဲ ရပါတယ်"ဟုပြန်ဖြေကြားခဲ့သည်။ စိုက်ပျိုးသူ တောင်သူ ဦးကြီးများ ကိုယ်စား ပေါက်ကုန်းကျေးရွာ ဥက္ကဋ္ဌ ဦးဟန်ရွှေကလည်း "ဒီပုံလုံသီးနဲ့က ရေကြိုက်သလို အကြမ်းခံနိုင်တဲ့ အပင်လဲဖြစ်တယ်။ လေဒဏ်မိုးဒဏ်နဲ့ ပိုးမွှားဒဏ်ကို ခံနိုင်တာမို့ တော်ရုံနဲ့ ပျက်စီးဆုံးရှုံးဖို့ဆိုတာ မဖြစ်ပါဘူး၊ ဒါကြောင့်လဲ ဒီရာသီဆို လူတိုင်းလိုလို စိုက်လို့ အခုလိုအထွက်များလို့ ကျေးရွာနာမည်ရခဲ့တာပါ"ဟုပြောကြားခဲ့သည်။

ကျေးလက်ဖွံ့ဖြိုးရေး

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်အကောင်အထည်ဖော်ရာတွင် ကျေးရွာ၏ စီးပွားရေး တောင့်တင်းခိုင်မာမှုသာလျှင် ရည်ရွယ်ချက်ကို အောင်မြင်စေမည်ဖြစ်သည့် အတွက် ပေါက်ကုန်းကျေးရွာကဲ့သို့ စိုက်ပျိုးရေးဖြင့် တစ်ဦးချင်း ဝင်ငွေတိုးနေပါက ကျေးလက်ဒေသဖွံ့ဖြိုးရေးသည် မလွဲမသွေ ဖြစ်လာမည်မှာ အမှန်ဖြစ်သည်။ လက်တွေ့အမြင်တွင်လည်း ရွာဦးဘုန်းကြီးကျောင်း၏ ဆွမ်းအလှူရှင်စာရင်းတွင် ဝါဆိုမှစ၍ ဝါထွက်သည်အထိ အလှူရှင်များ ရက်ပြည့်နေခြင်းက အလှူရေစက် လက်နှင့်မကွာ လှူနိုင်တန်းနိုင်ခြင်းကို ဖော်ညွှန်းနေပေသည်။ ။

(မြန်မာ့အလင်း)

ပုံလုံသီးများကို ဈေးကွက်တင်ပို့ရန် ဤသို့ လုပ်ကိုင်ကြရသည်။
(မြန်မာ့အလင်း)

ပဲခူးတိုင်း မင်းလှမြို့နယ် ပေါက်ကုန်းကျေးရွာအုပ်စု ပေါက်ကုန်းရွာ၌ စိုက်ပျိုးထားသော ပုံလုံသီး(ခေါ်)ပဲလင်းမြွေသီး စိုက်ခင်းကို ဤသို့ တွေ့ရသည်။
(မြန်မာ့အလင်း)

မဇ္ဈိမဒေသ ဝါဆိုသင်္ကန်း လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၇

အိန္ဒိယသမ္မတနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာဘုန်းတော်ကြီးကျောင်း ၁၁ကျောင်းနှင့် တက္ကသိုလ်ရှစ်ခုတို့တွင် ဝါဆိုတော်မူကြသည့် မြန်မာရဟန်းတော် ၂၅၈ပါးနှင့် အာသံ–တြိပူရ–မဏိပူရဒေသများရှိ သံဃာတော်အပါး၄၀၀တို့အတွက် မဇ္ဈိမဒေသ (၂၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းများကို ဖုန်း–၀၁–၅၄၅၂၁၅၊ ၀၁–၅၄၅၂၁၆၊ ၀၁–၅၅၅၁၇၃၊ ၀၁–၇၂၇၇၄၆၊ ၀၁–၅၃၆၃၄၈ နှင့် ၀၁–၅၄၂၂၃၆ တို့သို့ ဇူလိုင် ၂၉ရက် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ရန်အောင်ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ၂၀၀၇–၂၀၀၈ခုနှစ် ပညာသင်နှစ်အတွက် အမက(၃၂)ကျောင်းသူ ကျောင်းသားများအား အလှူရှင်များက ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၂၉ ရက်က ကျောင်းခန်းမ၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမောင်မောင်လွင်က ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။ (ဝ၅၂)

❒ *ကျောဖုံးမှ*

ကြည့်ရှုနှုတ်ဆက်

ရှေးဦးစွာ ဝန်ကြီးဗိုလ်မှူးချုပ် အုန်းမြင့်သည် ပြပွဲ ဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များလိုက်ပါလျက် မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်း ခင်းကျင်းပြသထားသောကျောက်စိမ်းအရည်ကျောက်နှင့် ကျောက်စိမ်းအရိုင်းတုံးများကိုလည်းကောင်း၊ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများအား တင်ဒါစနစ်ဖြင့် ရောင်းချနေမှုကိုလည်းကောင်း၊ တင်ဒါအဆိုပြုလွှာများ ဖြည့်သွင်းနေမှုနှင့် တင်ဒါပုံးများအတွင်း ထည့်သွင်းနေမှုများကိုလည်းကောင်း၊ ကျောက်ကပ်ပန်းချီနှင့် ပုဂ္ဂလိက ရတနာဆိုင်များကိုလည်းကောင်း၊ ခန်းမပထမထပ်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်း အရည်ကျောက်နှင့် ကျောက်စိမ်းအထည်ကျောက်အရိုင်းတုံးများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြည်တွင်း ပြည်ပ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ကျန်ရှိသော ပုလဲအတွဲများကို ယမန်နေ့ မွန်းလွဲပိုင်းမှစတင်၍ ကျောက်မျက်ရတနာ အရောင်းခန်းမ၌ ဆက်လက်ရောင်းချရာ ညနေပိုင်းအထိ ပုလဲအတွဲပေါင်း ၃၀ ရောင်းချရသည်။ ပုလဲအတွဲများ နှစ်ရက်အတွင်း ရောင်းချရမှုမှာ ၂၆၃ တွဲ ဖြစ်သည်။

ရောက်ရှိ

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၇ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲသို့ ပြည်တွင်းနိုင်ငံသား ရတနာကုန်သည် ၁၆၀၃ ဦးနှင့် ပြည်ပရတနာကုန်သည် ၂၃၄၆ ဦး စုစုပေါင်း ရတနာကုန်သည် ၃၉၄၉ဦးတို့ ရောက်ရှိနေကြပြီဖြစ်သည်။

ကျောက်မျက်ရတနာ အတွဲပေါင်း ၂၄၆ တွဲကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ဇူလိုင် ၈ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာ အရောင်းခန်းမ၌ ဆက်လက်ရောင်းချသွားမည် ဖြစ်သည်။

ဆက်လက်ရောင်းချမည်

၂၀၀၇ခုနှစ် ဇူလိုင်လကျောက်စိမ်း၊ ကျောက်မျက် ပုလဲအထူးရောင်းချပွဲ၏ ကျောက်စိမ်းအတွဲများကို ဇူလိုင် ၁၆ရက်အထိ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။

ကျောက်စိမ်းအတွဲများကို ယနေ့ နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ တင်ဒါစနစ်ဖြင့် ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၆၇၁ တွဲ ရောင်းချရသည်။ ယမန်နေ့နှင့်ယနေ့နှစ်ရက်ပေါင်း ရောင်းချရသော ကျောက်စိမ်းအတွဲပေါင်းမှာ ၁၀၅၆တွဲ ဖြစ်သည်။ တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲများကို ဇူလိုင် ၈ ရက်တွင် မြန်မာကွန်ဗင်းရှင်းစင်တာ၌ ဆက်လက်ရောင်းချသွားမည် ဖြစ်သည်။

ပြည်ပမှ နိုင်ငံခြားသား ရတနာကုန်သည်များသည် ဆက်လက်၍ ရောက်ရှိကြဦးမည် ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့အလင်း — အင်တာနက် ဖောင်ပိတ်သတင်း

အီရတ်၌ ကားဗုံးခွဲ တိုက်ခိုက်၊ ၁၀၅ ဦး သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၇

အီရတ်နိုင်ငံ မြောက်ပိုင်း၌ ဇူလိုင် ၇ ရက်က အင်အားပြင်းထန်သော အသေခံကားဗုံးခွဲ တိုက်ခိုက်မှုဖြစ်ပွားရာ လူ ၁၀၅ဦး သေဆုံးပြီး ၂၄၀ခန့် ဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

သေဆုံး

ဗုံးခွဲ တိုက်ခိုက်မှုဖြစ်ပွားသည့်နေရာသည် ကယ်ကွတ်မြို့တောင်ဘက် အမီရာလီမြို့ ဈေးအနီးတွင်ဖြစ်ကြောင်း၊ ထို့အပြင် ဇူလိုင် ၇ရက်က ဘဂ္ဂဒက်မြို့၌ အီရတ်လက်နက်ကိုင်များ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံးသွားကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ဂျပန်တောင်ပိုင်း၌ မိုးသည်းထန်ပြီး ရေလွှမ်း၊ တစ်ဦးသေဆုံး

တိုကျို ဇူလိုင် ၇

ဂျပန်နိုင်ငံ တောင်ပိုင်းဒေသများ၌ ဇူလိုင် ၇ ရက်က မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ရေလွှမ်းမှုများ ဖြစ်ပွားရာ လူတစ်ဦးသေဆုံးပြီး ဒဏ်ရာရရှိသူလေးဦးရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ရေလွှမ်း

ရေလွှမ်းမှုအဆိုးရွားဆုံးခံရသည့်မြို့မှာ ကူမာမိုတိုမြို့ဖြစ်ပြီး ဒေသခံပြည်သူ ၃၄၀၀ခန့် ရေဘေးဒုက္ခကြုံတွေ့ရသည့်အပြင် မြို့တွင်းလမ်းများနှင့် နေအိမ်များလည်း ရေလွှမ်းမှုဒဏ်ခံရကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

● *ကျောဖုံးမှ*

(NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ပြည်ပကိုအားထားလွန်း

တောင်ငူမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာများတွင် ၎င်းတို့အနေဖြင့် ပါတီနိုင်ငံရေးကို သန့်သန့်ရှင်းရှင်းလုပ်ဆောင်ရင်း ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူလူထု၏ အကျိုးကိုဖော်ဆောင်ရန် ရည်ရွယ်ချက်ဖြင့် NLD ပါတီသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် NLD ပါတီ၏ ယနေ့လုပ်ဆောင်ချက်များသည် ပြည်ပကိုမှီခိုအားထားလွန်းနေပြီး နိုင်ငံတော်အစိုးရ၏ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို အဆိုးမြင်ဝါဒဖြင့် ဝေဖန်ပုတ်ခတ်လျက်ရှိကြောင်း၊ NLD ပါတီ၏ နိုင်ငံရေးရပ်တည်မှုအနေအထားမှာ မူလလမ်းကြောင်းမှ သွေဖည်လျက် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏အကျိုးကို မျက်ကွယ်ပြုကာ မှားယွင်းသောလုပ်ရပ်များကိုသာ တစိုက်မတ်မတ် လုပ်ဆောင်နေမှုကြောင့် ၎င်းတို့၏သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

❍ *ကျောဖုံးမှ*

စိုက်ထည့်ပေး

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဆည်အတွင်းမှ လက်တွေ့အောင်မြင်ဖြစ်ထွန်းနေသော ရေချိုပုစွန်တုပ်ကြီးများကို ကြည့်ရှုစစ်ဆေး၍ ဆည်အတွင်းသို့ ရေချိုပုစွန်သားပေါက်နှင့် ငါးသားပေါက်များကို မျိုးစိုက်ထည့်ပေးကြသည်။ ဆက်လက်၍ တက်ရောက်လာကြသူများက ပုစွန်သားပေါက်နှင့် ငါးသားပေါက်များကို မျိုးစိုက်ထည့်ပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စုစုပေါင်းကောင်ရေ

ယနေ့ကျင်းပသော ရေချိုပုစွန်သားပေါက်နှင့် ငါးမျိုးစိုက်ထည့်ပွဲတွင် ရေချိုပုစွန် ၃၀၀၀၀၊ မြက်စားငါးကြင်း ၁၀၀၀၀၀၊ ငါးခုံးမ ၂၀၀၀၀၀၊ ငါးမြစ်ချင်း ၂၀၀၀၀၀ စုစုပေါင်း ကောင်ရေ ၅၃၀၀၀၀တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟင်္သာတမြို့ မိုးရေချိန်စံချိန်

နေပြည်တော် ဇူလိုင် ၇

ယနေ့နံနက်မြန်မာစံတော်ချိန် နံနက် ၉နာရီခွဲအချိန်တွင် ဟင်္သာတမြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၂၂၀ မီလီမီတာ ၈ဒသမ ၆၆ လက်မသည် ယင်းမြို့၏ လွန်ခဲ့သော နှစ်ပေါင်း ၄၀ အတွင်း ဇူလိုင်လအတွက် အများဆုံးတိုင်းထွာရရှိခဲ့သော ၂၄ နာရီ မိုးရေချိန်စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၁၇၅မီလီမီတာ ၆ ဒသမ ၈၉ လက်မဖြစ်ပြီး ၂၀၀၆ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် ရွာသွန်းခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)



တရုတ်နိုင်ငံ ဟန်ကျိူပြည်နယ်ရှိ ရေဆိုးသန့်စင်စက်ရုံ လုပ်ငန်းခွင် တစ်နေရာကို ဇူလိုင် ၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ်၏ ပြည်ပသို့ ဧရာတ်ကောင်းတင်ပို့မှုမှရရှိသော ဝင်ငွေ ယခု ပထမနှစ်ဝက်အတွင်း မြင့်တက်

ဟနွိုင်း ဇူလိုင် ၇

ယခုနှစ် ပထမနှစ်ဝက်အတွင်း ဗီယက်နမ်နိုင်ငံ၏ ပြည်ပသို့ ဧရာတ်ကောင်းတင်ပို့မှုမှ ရရှိသောဝင်ငွေမှာ အမေရိကန် ဒေါ်လာ ၁၄၂ သန်းရရှိခဲ့ကြောင်း၊ နှစ်ချင်းအလိုက် တိုးတက်မှုမှာ ၂၉ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း ပြည်တွင်းကုန်သွယ်ရေးအဖွဲ့က ဇူလိုင် ၅ ရက်၌ ပြောကြားသည်။

ကမ္ဘာ့အများဆုံး ဧရာတ်ကောင်း တင်ပို့သည့်နိုင်ငံဖြစ်သည့် ဗီယက်နမ်နိုင်ငံအနေဖြင့် ယခုနှစ် ပထမနှစ်ဝက်ကာလအတွင်း ဧရာတ်ကောင်းထွက်ရှိမှုမှ တန်ချိန် ၄၉၀၀၀ကို သင်္ဘောဖြင့် ပြည်ပသို့ တင်ပို့နိုင်ခဲ့သည်။

ပြည်ပသို့ ဧရာတ်ကောင်း တင်ပို့မှုမှရရှိသောဝင်ငွေ မြင့်တက်လာရခြင်းမှာ ကမ္ဘာ့ဈေးကွက်၌ ဧရာတ်ကောင်းဈေးနှုန်းများ မြင့်တက်လာရခြင်းကြောင့်ဖြစ်ကြောင်း ဗီယက်နမ်ကုန်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ကုန်သွယ်ရေးသတင်းထုတ်ပြန်ရေးဌာနက ပြောကြားသည်။

မျှော်မှန်း

ဗီယက်နမ်နိုင်ငံ အနေဖြင့် ရာသီဥတု ဆိုးရွားမှုများကြောင့် ပြီးခဲ့သည့် ၂၀၀၆ ခုနှစ်ကထက် လျော့၍ ယခုနှစ်အတွင်းတွင် ပြည်ပသို့ ဧရာတ်ကောင်း တန်ချိန်ရှစ်သောင်းမှ ကိုးသောင်းအကြား တင်ပို့နိုင်ရန် မျှော်မှန်းထားသည်။

စိုက်ပျိုး

ဗီယက်နမ်နိုင်ငံအတွင်း၌ ဧရာတ်ကောင်းစိုက်ပျိုးမြေဟက်တာ ၅၂၅၀၀ စိုက်ပျိုးထားရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နှစ်နိုင်ငံ ရေပြင်ပိုင်နက် လုံခြုံရေး အင်ဒိုနီးရှားနှင့် ဩစတြေးလျတို့ ပူးတွဲလေ့ကျင့်

ဂျကာတာ ဇူလိုင် ၇

အင်ဒိုနီးရှားနှင့် ဩစတြေးလျနှစ်နိုင်ငံတို့သည် မကြာမီက ပင်လယ်ပြင်လုံခြုံရေး ပူးတွဲလေ့ကျင့်မှုတစ်ရပ်ကို အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြကြောင်း အင်ဒိုနီးရှားနိုင်ငံ အင်တာရာသတင်းဌာနက ဇူလိုင် ၃ ရက်၌ သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှားနှင့် ဩစတြေးလျတို့သည် ပြီးခဲ့သည့်လကလည်း မှောင်ခိုငါးဖမ်းမှုကို တိုက်ဖျက်ရန် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြကြောင်း၊ ထိုသို့ ပြုလုပ်ရာတွင် နှစ်နိုင်ငံရေပြင်ပိုင်နက် အရာဖူရာပင်လယ်ပြင်၌ ရေယာဉ်များဖြင့် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

လေ့ကျင့်မှု

ထို့အတူ ၂၀၀၇ခုနှစ်ကုန်၌ နှစ်နိုင်ငံပင်လယ်ပြင် ကင်းလှည့်ခြင်းလုပ်ငန်းများကို ပြုလုပ်သွားမည်ဖြစ်ပြီး လေ့ကျင့်မှုများလည်း ဆက်လက်ပြုလုပ်သွားမည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

ထိန်းချုပ်နိုင်

ထိုသို့ပြုလုပ်ခြင်းဖြင့် တရားမဝင် ငါးဖမ်းခြင်းများကို တားဆီးနိုင်ပြီး အခြားရာဇဝတ်မှုများကိုလည်း ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း ဩစတြေးလျသံအမတ် ဘီလ်ဖာမာက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ၂၀၀၇ခုနှစ် အင်ဒိုနီးရှားအလှမယ်အဖြစ် ရွေးချယ်ခြင်းခံရသည့် အလှမယ်တစ်ဦးအား ဇူလိုင် ၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မက္ကဆီကို၌ အင်အားပြင်းငလျင်လှုပ်

မက္ကဆီကိုစီးတီး ဇူလိုင် ၇

မက္ကဆီကိုနိုင်ငံတောင်ပိုင်း ချီရာပတ်စ် ပြည်နယ်၌ ဇူလိုင် ၅ ရက်က အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၁ အဆင့်ရှိ အင်အားပြင်း ငလျင်လှုပ်သွားကြောင်း အမေရိကန် မြေငလျင်တိုင်းတာရေးအဖွဲ့က ပြောကြားသည်။

အဆိုပါငလျင်မှာ မက္ကဆီကိုနိုင်ငံ၏ ကော်ဖီစိုက်ပျိုးရာဒေသဖြစ်သော တတ်စလာဂူတီရာရစ်မြို့မှ ၂၄မိုင်အကွာ၌ ဗဟိုပြုလှုပ်သွားခဲ့ခြင်း ဖြစ်သည်။

ငလျင်လှုပ်မှုကြောင့် အဆိုပါဒေသရှိ လူအချို့မှာ အထိတ်တလန့် ဖြစ်သွားခဲ့ကြောင်း၊ ဆက်သွယ်ရေးလိုင်းများနှင့် လျှပ်စစ်ဓာတ်အားများ ၁၀မိနစ်ခန့် ပြတ်တောက်သွားခဲ့ကြောင်း၊ ပျက်စီးဆုံးရှုံးမှုနှင့် ဒဏ်ရာရရှိမှုမရှိခဲ့ကြောင်း၊ မက္ကဆီကိုရုပ်မြင်သံကြားက ထုတ်လွှင့်ခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျာမနီ၌ ရထားနှင့်ဘတ်စ်ကား တိုက်မိ တစ်ဦးသေဆုံး၊ ၁၂ဦး ဒဏ်ရာရရှိ

ဘာလင် ဇူလိုင် ၇

ဂျာမနီနိုင်ငံ အရှေ့မြောက်ပိုင်း မက်ခ်လင်န်ဘာ့ဂ် ဖော်ပွမ်မန်ပြည်နယ် မယ်လ်ချင်မြို့တွင် ဇူလိုင် ၃ရက်၌ ရထားတစ်စင်းက ခရီးသည် ၄၀ ပါ ဘတ်စ်ကား တစ်စီးကို တိုက်မိခဲ့ရာ အမျိုးသမီးတစ်ဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာအပြင်းအထန် ရရှိသွားကြောင်း ရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားသည်။

ရထားလမ်းကူးတစ်ခု၌ တိုက်မိခဲ့ခြင်းဖြစ်ပြီး နောက်ထပ်ခြောက်ဦး အနည်းငယ်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ဆိုသည်။ စောစောပိုင်းကမူ ၂၉ဦး ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

ကားလမ်းတွင် ယာဉ်ကြောပိတ်ဆို့မှုကြောင့် ရထားလမ်းကူးပေါ်၌ ရောက်ရှိနေသည့် ဘတ်စ်ကား၏နောက်ပိုင်းကို ရထားက အရှိန်ဖြင့် ဝင်တိုက်မိခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ရထားမောင်းသူသည် အနည်းငယ်ဒဏ်ရာရရှိခဲ့သော်လည်း ရထားစီးခရီးသည် ၂၀မှာမူ ထိခိုက်ခြင်းမရှိကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

အိုင်အေအီးအေနှင့် အီရန် ဆွေးနွေးမည်

တီဟီရန် ဇူလိုင် ၇

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်ပြီးဖြေရှင်းရန် လက်တွေ့ကျသောအဆင့်မှ အိုင်အေအီးအေနှင့်ဆွေးနွေးမည်ဖြစ်ကြောင်း အီရန်အရာရှိတစ်ဦးက ဇူလိုင် ၄ရက်၌ ပြောကြားလိုက်သည်ဟု အိုင်အာအင်န်အေ သတင်းဌာနက သတင်းထုတ်ပြန်သည်။

ဖိတ်ခေါ်

နျူကလီးယားကိစ္စနှင့် ပတ်သက်ပြီးဆွေးနွေးရန် အိုင်အေအီးအေမှ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို အီရန်သို့ လာရောက်ရန် အီရန်နျူကလီးယားဆိုင်ရာ ထိပ်တန်းအရာရှိတစ်ဦးဖြစ်သူ အလီလာရီဂျာနီက ပြီးခဲ့သည့်ရက်အနည်းငယ်က ဖိတ်ခေါ်ခဲ့သည်။

ရေးဆွဲနိုင်မည်

အီရန်နိုင်ငံအနေဖြင့် အကောင်းဆုံးဖြေရှင်းမှုများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ အိုင်အေအီးအေနှင့် အီရန်တို့သည် နျူကလီးယားဆိုင်ရာ ဖြေရှင်းမှုအစီစဉ်တစ်ရပ် ရေးဆွဲနိုင်မည်ဖြစ်ကြောင်း အီရန်အရာရှိတစ်ဦးဖြစ်သူ ဂျာဗတ်ဗာအီဒီက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်အရှေ့ပိုင်း လမ်းဘေးဗုံးပေါက်ကွဲ နေတိုးတပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

ကဘူးလ် ဇူလိုင် ၇

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ပါတီကာပြည်နယ်၌ ဇူလိုင် ၅ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် နေတိုးဦးဆောင်သည့် နိုင်ငံတကာလုံခြုံမှု ကူညီရေးတပ် (အိုင်အက်စ်အေအက်ဖ်)မှ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိသွားကြောင်း အိုင်အက်စ်အေအက်ဖ်က ကြေညာသည်။

ထိုဗုံးခွဲမှုမှာ မည်သူ့လက်ချက်ဖြစ်ကြောင်း မည်သူမျှ ထုတ်ဖော်ကြေညာခြင်း မရှိချေ။ သို့သော် အလားတူ လမ်းဘေး ဗုံးထောင်တိုက်ခိုက်မှုများကို တာလီဘန်စစ်သွေးကြွများ မကြာခဏ ပြုလုပ်တတ်ကြသည်။

စစ်သွေးကြွများအား ချေမှုန်းပြီး လုံခြုံမှုပေးရန် အာဖဂန်နစ္စတန်နိုင်ငံ၌ အိုင်အက်စ်အေအက်ဖ် တပ်ဖွဲ့ဝင် ၃၇၀၀၀အား ဖြန့်ကြက်ထားသည်။ ယခုနှစ် အတွင်းတွင် အာဖဂန်နစ္စတန်နိုင်ငံ၌ နိုင်ငံခြားတပ်ဖွဲ့ဝင်ပေါင်း ၉၀ခန့် သေဆုံးသွားကြောင်း ဆင်ဟွာက ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အီရတ် နိုင်ငံ ဘဂ္ဂဒက် မြို့ အရှေ့ဘက် ဟာဘီဘီရာ ဒေသ၌ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ လေကြောင်းမှ တိုက်ခိုက်မှုများ ပြုလုပ်ပြီးနောက် အပျက်အစီးများအား ဇူလိုင် ၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံအတွင်း ရထားလမ်းများ အဆင့်မြှင့်တင်ရေး လုပ်ငန်းရှင်များပါဝင်လုပ်ကိုင်ရန် အင်ဒိုသမ္မတတိုက်တွန်း

ဂျကာတာ ဇူလိုင် ၇

အင်ဒိုနီးရှားနိုင်ငံအတွင်း ရထားလမ်းများ ပြန်လည်ပြုပြင် အဆင့်မြှင့်တင်ရေးလုပ်ငန်းများတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ကြရန် အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘန်ဘန်း ယူဒိုယိုနိုက ဇူလိုင် ၅ရက်၌ တိုက်တွန်းပြောကြားလိုက်သည်။

မိမိတို့နိုင်ငံအတွင်း မီးရထားလမ်းပြန်လည်ပြုပြင် တည်ဆောက်ရေးတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်ဆောင်ရွက်ရန်လိုအပ်ကြောင်း အင်ဒိုနီးရှားသမ္မတက ပြောကြားသည်ဟု ပြည်တွင်းထုတ် သည်ဂျကာတာပို့စ်နေ့စဉ်သတင်းစာက ဇူလိုင် ၅ရက်၌ ဖော်ပြသည်။

ထို့အပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းဖြစ် နည်းပညာရပ်များကို အစွမ်းကုန် အသုံးချဆောင်ရွက်ကြရေးကိုလည်း ယူဒိုယိုနိုက တိုက်တွန်းလိုက်သည်။

အဆင့်မြှင့်

အင်ဒိုနီးရှားနိုင်ငံ၏ ရထားလမ်းများ အဆင့်မြှင့်တင်ရေး၊ ပြုပြင်တည်ဆောက်ရေးနှင့် လုံခြုံရေးတို့ကို အင်ဒိုနီးရှားပို့ဆောင်ရေးဝန်ကြီးဌာနက ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နီပေါ၌ အလတ်စားရေအားလျှပ်စစ်စီမံကိန်း စတင်မည်

ခတ္တမန္ဒူ ဇူလိုင် ၇

နီပေါနိုင်ငံအလယ်ပိုင်းတွင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၅သန်းကုန်ကျမည့် အလတ်စားရေအားလျှပ်စစ်စီမံကိန်းတစ်ရပ် အကောင်အထည်ဖော်ရေးအတွက် နီပေါအစိုးရနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(ယူအင်န်ဒီပီ)တို့ ဇူလိုင် ၅ ရက်၌ သဘောတူလက်မှတ်ရေးထိုးလိုက်ကြသည်။

အဆိုပါ အလတ်စားရေအားလျှပ်စစ်စီမံကိန်းကို နော်ဝေနိုင်ငံ ပုဂ္ဂလိကလျှပ်စစ်ဓာတ်အားပေးလုပ်ငန်းကုမ္ပဏီတစ်ခုနှင့် ယူအင်န်ဒီပီတို့က ပူးပေါင်းကာ တည်ဆောက်ပေးမည်ဖြစ်သည်ဟု နီပေါနိုင်ငံ အမျိုးသားသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဖြန့်ဖြူးပေး

ထိုရေအားလျှပ်စစ် စီမံကိန်းကို ၂၀၀၇ခုနှစ်မှ ၂၀၁၀ပြည့်နှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်သည်။ ၎င်းစီမံကိန်းပြီးစီးသွားပါက ဒိုလာခါနှင့် ရာမက်ဟက်ခရိုင်များ၌ အိမ်ခြေ ၃၁၀၀သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မည် ဖြစ်သည်။

ထုတ်လုပ်ပေး

အဆိုပါစက်ရုံမှ လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၄၀၀ ထုတ်လွှတ်ပေးနိုင်မည်ဟု သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကျည်ဆန်ရထား

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ မီးရထားဘူတာရုံ တစ်ရုံသို့ ဝင်ရောက်လာသည့် အင်န်-၇၀၀ ကျည်ဆန်ရထားအား ဇူလိုင် ၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်တောင်ပိုင်းကားဗုံးခွဲမှု ၁၇ဦးသေဆုံး၊ ၂၅ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇူလိုင် ၇

ဘဂ္ဂဒက်မြို့တောင်ပိုင်း ရှီးယိုက်ရပ်ကွက်အတွင်းရှိ စားသောက်ဆိုင်တစ်ခုအပြင်ဘက်၌ ဇူလိုင် ၃ရက်က ကားဗုံးခွဲ တိုက်ခိုက်သဖြင့် ၁၇ဦးသေဆုံးပြီး ၂၅ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးခွဲတိုက်ခိုက်

သေဆုံး ဒဏ်ရာရသူများတွင် အမျိုးသမီးများနှင့် ကလေးများပါဝင်သည်။ ၎င်းတို့သည် လက်ထပ်ပြီးစ ဇနီးမောင်နှံနှင့်အတူလိုက်ပါလာကြစဉ် ဗုံးခွဲတိုက်ခိုက်ခြင်း ခံရသည်ဆိုသည်။

ရောက်ရှိ

ကားဗုံးပေါက်ကွဲစဉ် ထိုလက်ထပ်ပြီးစ ဇနီးမောင်နှံမှာ အနီးရှိ ဓာတ်ပုံဆိုင်တစ်ဆိုင်သို့ ရောက်ရှိနေကြောင်းသိရသည်။

အမ်အင်န်အေ၊ရိုက်တာ

ပြင်သစ်လုပ် ဆက်သွယ်ရေးဂြိုဟ်တု တရုတ်လွှတ်တင်မည်

ပေကျင်း ဇူလိုင် ၇

တရုတ်နိုင်ငံက ပြင်သစ်လုပ် သတင်းဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို လွှတ်တင်ရန် ပြင်ဆင်လျက်ရှိကြောင်း တရုတ်နိုင်ငံ အမျိုးသားအာကာသဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့က ဇူလိုင် ၄ ရက်၌ ပြောကြားလိုက်သည်။

သယ်ဆောင်

အဆိုပါ ပြင်သစ်လုပ် ဆက်သွယ်ရေးဂြိုဟ်တုကို တရုတ်ပြည်တွင်းလုပ် လောင်းမတ်ချ်-၃ဘီ ဒုံးပျံဖြင့် အာကာသသို့ သယ်ဆောင်သွားမည် ဖြစ်သည်။

ယခုအခါ လောင်းမတ်ချ်-၃ဘီ ဒုံးပျံကိုပစ်လွှတ်မည့် တရုတ်နိုင်ငံ စီချမ်ပြည်နယ် အနောက်တောင်ပိုင်း စီချန်းအာကာသယာဉ် လွှတ်တင်ရေးစခန်းသို့ ရွှေ့ပြောင်းသယ်ယူလျက်ရှိသည်။

ပစ်လွှတ်

တရုတ်နိုင်ငံလုပ် လောင်းမတ်ချ်ဒုံးပျံဖြင့် ဂြိုဟ်တုသယ်ဆောင်မှုမှာ ယခုပစ်လွှတ်မည့် အစီအစဉ်နှင့်ဆိုလျှင် (၁၀၁)ကြိမ်မြောက် ရှိပြီဖြစ်သည်။

အကူအညီပေး

ယခု လွှတ်တင်မည့် သတင်းဆက်သွယ်ရေးနှင့် အသံလွှင့်လုပ်ငန်းများဆိုင်ရာ ဂြိုဟ်တုကို လွှတ်တင်ခြင်းဖြင့် တရုတ်နိုင်ငံတစ်ဝန်းသာမက အရှေ့တောင်အာရှ၊ ပစိဖိတ်သမုဒ္ဒရာဒေသများသို့ အသံလွှင့်ခြင်းနှင့် ရုပ်မြင်သံကြား အစီအစဉ်များကို ကျယ်ပြန့်စွာ ထုတ်လွှင့်ပေးနိုင်ရန် အကူအညီပေးနိုင်မည် ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ပြသလျက်ရှိသော ဆပ်ကပ်ပြပွဲ တစ်ခုကို ဇူလိုင် ၆ ရက်က တွေ့ရစဉ်။

(အဆိုပါ ဆပ်ကပ်ပြပွဲများ ကျင်းပ ပြသရခြင်းမှာ ကမ္ဘာလှည့်ခရီးသည်များ ပိုမိုလာရောက်စေရန် ရည်ရွယ်ပြသခြင်းဖြစ်ကြောင်း သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)

ကျားမိသားစု

မက္ကဆီကိုနိုင်ငံ ဂွာဒါလာဂျာရာမြို့ရှိ တိရစ္ဆာန်ဥယျာဉ်တွင် မွေးမြူထားသည့် ကျားမိသားစုအား ဇူလိုင် ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်၌ ဗုံးခွဲတိုက်ခိုက် ရဲတပ်ဖွဲ့ဝင် ငါးဦးသေဆုံး

စပင်ဘိုဒက် ဇူလိုင် ၇

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်းရှိ စပင်ဘိုဒက်မြို့ စစ်ဆေးရေး ဂိတ်တစ်ခု၌ ဇူလိုင် ၅ရက်က ရဲယူနီဖောင်းဝတ် အသေခံဗုံးခွဲသမားတစ်ဦးက ဗုံးခွဲတိုက်ခိုက်သဖြင့် ရဲတပ်ဖွဲ့ဝင် ငါးဦးသေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိသွားကြောင်း နယ်ခြားဒေသရဲတပ်ဖွဲ့မှူးကြီး အဗ္ဗဒူရာဇစ်ခန်က ပြောကြားသည်။

နိုင်ငံခြားတပ်ဖွဲ့ဝင်များ၊ အာဖဂန်တပ်ဖွဲ့ဝင်များနှင့် သမားရိုးကျ တိုက်ခိုက်ကြရာ၌ တာလီဘန်သူပုန်တို့ အထိအခိုက် အကျအဆုံး များလာသည့်အတွက် တာလီဘန်တို့ကတိုက်ခိုက်ရေးနည်းဗျူဟာများ ပြောင်းလဲလာခြင်းဖြစ်သည် ဆို၏။

အသေခံဗုံးခွဲသမားသည် ရဲဝတ်စုံကို ဝတ်လျက် ရဲတပ်ဖွဲ့ဝင်များ နေ့လယ်စာစားရန် စောင့်ဆိုင်းနေစဉ် ရောနှောထိုင်ကာ ဗုံးခွဲလိုက်ခြင်းဖြစ်သည်။

တာလီဘန် ပြောရေးဆိုခွင့်ရှိသူက အသေခံဗုံးခွဲမှုမှာ ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း ကြေညာသည်။

အမ်အင်န်အေ၊ရိုက်တာ

အာဖရိက၌ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး ဝိုင်းဝန်းကူညီကြရန် ကုလသမဂ္ဂတိုက်တွန်း

ဂျီနီဗာ ဇူလိုင် ၇

အာဖရိကရှိ သန်းပေါင်းများစွာသောပြည်သူများ ဆင်းရဲနွမ်းပါးမှု လျှော့ကျရေးနှင့် လယ်ယာစိုက်ပျိုးရေးစနစ်ပြုပြင်ပြောင်းလဲရေးတို့ကို အကူအညီပေးရန် အစိမ်းရောင်တော်လှန်ရေးအတွက် တစ်ကမ္ဘာလုံးက ဝိုင်းဝန်းပံ့ပိုးကြရေး ကုလသမဂ္ဂစားနပ်ရိက္ခာအေဂျင်စီများက ဇူလိုင် ၄ရက်၌ တိုက်တွန်းလိုက်သည်။

ဆင်းရဲနွမ်းပါးမှု လျော့ကျရေးနှင့် စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာစေရန် အာဖရိကသို့ အကူအညီများ ပေးသွားမည်ဟု ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(အက်ဖ်အေအို)၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(ဒဗလျူအက်ဖ်ပီ)နှင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရန်ပုံငွေအဖွဲ့ (အိုင်အက်ဖ်အေဒီ)တို့က ပြောကြားသည်။

ကူညီပံ့ပိုးရန်

ကမ္ဘာ့ခေါင်းဆောင်များအနေဖြင့် အာဖရိကလယ်သမားများအား ကူညီပံ့ပိုးပေးရန် လိုအပ်ကြောင်း အိုင်အက်ဖ်အေဒီ ဒုတိယဥက္ကဋ္ဌ ကာနာယိုနဝမ်ဇီက ပြောကြားသည်။

အကြံပေးခဲ့

ကာနာယိုနဝမ်ဇီသည် အာဖရိကအတွက် အစိမ်းရောင်တော်လှန်ရေးပြုလုပ်ရန် အကြံပေးခဲ့သူဖြစ်သည်။ အဆိုပါ အစီအစဉ်မျိုးကို အာရှနိုင်ငံများ၌လည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အမ်အင်န်အေ၊ရိုက်တာ

ရန်ကင်းမြို့နယ်အတွင်းရှိ ထက်၊ လယ်၊ မူကျောင်းများအား သွေးလွန်တုပ်ကွေးကာကွယ်ရေး ဆေးဖျန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ဆောင်ပွဲကို ရန်ကင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုအောင် ဦးဆောင်၍ ရပ်ကွက်ပြည်သူများက အမှတ်(၁၂)ရပ်ကွက်ရှိ အမက(၁၀)ကျောင်းတွင် သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ (က-ပ)

ဘုရားကြီးကုန်း အလက အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၇

ပုသိမ်မြို့နယ် ဘုရားကြီးကုန်း အခြေခံပညာအလယ်တန်းကျောင်း၏ အာစရိယပူဇော်ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တွေ့ဆုံပွဲကို ဇူလိုင် ၁ ရက်က အဆိုပါကျောင်းခန်းမဆောင်၌ ကျင်းပရာ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြသည်။

ကန်တော့ခံ

အခမ်းအနားတွင် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီး ၃၉ ဦးအား ကျောင်းသား ကျောင်းသူဟောင်း ၃၇၄ ဦးတို့က ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြကြောင်း သိရသည်။ **(က-ပ)**

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ
အမှတ်(၁)လျှပ်စစ်စွမ်းအားနှင့်ရှေ့နေချုပ်ရုံးတို့ သရေကျ၊ လူမှုဝန်ထမ်း အနိုင်ရ

နေပြည်တော် ဇူလိုင် ၇

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပြိုင်ပွဲများကို ယနေ့နံနက်နှင့် ညနေတွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ဆက်လက်ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ပေါင်းလောင်းအားကစားကွင်း
နံနက် ၇:၃၀ နာရီပွဲ (စ)အုပ်စု

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်း	ရှစ်ဂိုး။
ကျန်းမာရေးဝန်ကြီးဌာန	လေးဂိုး။

ပေါင်းလောင်းအားကစားကွင်း
ညနေ ၄ နာရီပွဲ (စ)အုပ်စု

အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအသင်း	တစ်ဂိုး။
ရှေ့နေချုပ်ရုံးအသင်း	တစ်ဂိုး။

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပြိုင်ပွဲတွင် (စ)အုပ်စုမှ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းနှင့် ရှေ့နေချုပ်ရုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (သတင်းစဉ်)

လယ်ဝေးမြို့နယ် အားကစားကွင်း
ညနေ ၄ နာရီပွဲ (ဇ)အုပ်စု

ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအသင်း	ဂိုးမရှိ။
အလုပ်သမား ဝန်ကြီးဌာနအသင်း	ဂိုးမရှိ။

(ဇ)အုပ်စု

ဇူလိုင် ၈ ရက် နံနက် ၇ နာရီခွဲပွဲတွင် ပျဉ်းမနားမြို့ ပေါင်းလောင်း အားကစားကွင်း၌ (ဇ)အုပ်စုမှ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(ဆ)အုပ်စု

အလားတူ ညနေ ၄ နာရီတွင် ပျဉ်းမနားမြို့ ပေါင်းလောင်း အားကစားကွင်း၌ (ဆ)အုပ်စုမှ ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး လယ်ဝေးမြို့နယ် အားကစားကွင်း၌ (ဆ)အုပ်စုမှ တရားရုံးချုပ်အသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ပထမအဆင့် အုပ်စုပြိုင်ပွဲများကို ဇူလိုင် ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဒုတိယအဆင့် အုပ်စုပြိုင်ပွဲများကို ဇူလိုင် ၁၇ ရက်မှ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ **(က-ပ)**

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်ရည်ရွယ်
ပဏာမလက်ရွေးစင် ရေကူးနှင့် ဒိုင်ဗင်အားကစားသမားများလေ့ကျင့်

သတင်းဆောင်းပါး ကိုထွေး

ရန်ကုန် ဇူလိုင် ၇

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို လာမည့် ဒီဇင်ဘာလအတွင်း ထိုင်းနိုင်ငံ၌ကျင်းပမည်ဖြစ်ရာ မြန်မာအားကစားအဖွဲ့များ ကြိုတင်ပြင်ဆင်လေ့ကျင့်နေကြပြီ ဖြစ်သည်။ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်သည် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရေကူးနှင့် ဒိုင်ဗင် အားကစားနည်းများ၌ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ပဏာမလက်ရွေးစင် ရေကူးနှင့် ဒိုင်ဗင် အားကစားသမားများအား စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသည်။

ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ပဏာမမြန်မာ့လက်ရွေးစင် ရေကူးအားကစားသမား ရဲမြင့်ဟိန်း၏ လေ့ကျင့်မှုကို ဤသို့ တွေ့ရသည်။ (ရေကူးအဖွဲ့ချုပ်)

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ကို အသစ် ပြန်လည်ဖွဲ့စည်းပြီးနောက် ဥက္ကဋ္ဌအဖြစ် ဒေါက်တာခင်ရွှေ၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဦးချိုမောင်၊ အထွေထွေအတွင်းရေးမှူးအဖြစ် ဦးကျော်ဦးတို့က တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

စီမံချက်

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်သည် လတ်တလော ဆုတံဆိပ်ရရှိရေးထက် ရေရှည်အောင်မြင်မှုရရှိရေးကို ဦးစားပေးကာ မျိုးဆက်သစ် ရေကူးနှင့်ဒိုင်ဗင် အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာရေးအတွက် စီမံချက်ချမှတ် လုပ်ဆောင်နေခြင်းဖြစ်သည်။

လေ့ကျင့်ပျိုးထောင်

တရုတ်နိုင်ငံမှ နည်းပြတစ်ဦးကို ငှားရမ်းပြီး မျိုးဆက်သစ် ရေကူး အားကစားသမားများအား လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိရာ နောင်လာမည့် ငါးနှစ်အတွင်း အားထားရမည့် ရေကူးလက်ရွေးစင်များ ပေါ်ထွက်လာတော့မည်ဖြစ်သည်။ လက်ရှိအနေအထားတွင် အားရလောက်သည့် စံချိန်များ မရရှိသေးဘဲ ရေကူးအားကစားသမား ခါးဆက်ပြတ်သည့် အခြေအနေဖြစ်နေသည်။ ယခုအခါ ပဏာမလက်ရွေးစင် ရေကူးအားကစားသမားများကို တရုတ်နည်းပြဆရာနှင့် အင်တိုက်အားတိုက် လေ့ကျင့်ပြင်ဆင်လျက်ရှိရာ ပြိုင်ပွဲနီးကပ်လာချိန်၌ စံချိန်များ ပိုမိုတိုးတက်ကောင်းမွန်လာမည် ဖြစ်သည်။

(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရေကူးအားကစားနည်းမှ မိုးသူအောင်က ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ် နှစ်ခု ဆွတ်ခူးရယူပေးခဲ့သည်။ လက်ရှိရွေးချယ်ထားသည့် ပဏာမ မြန်မာ့လက်ရွေးစင် ရေကူးအားကစားအဖွဲ့တွင် မိုးသူအောင် ပါဝင်ခြင်း မရှိသေးချေ။

တာတိုနှင့်တာလတ်

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်သည် ရေကူးအားကစားနည်းတွင် မည်သည့်ပြိုင်ပွဲအမျိုးအစား၌ ပါဝင်ယှဉ်ပြိုင်မည်ကို ဆုံးဖြတ်ရခြင်းမရှိသေးချေ။ တာတိုနှင့် တာလတ်ပြိုင်ပွဲကို ရည်ရွယ်ကာ လေ့ကျင့်နေခြင်းဖြစ်သော်လည်း မည်သည့် ပြိုင်ပွဲအမျိုးအစားဖြစ်မည်ကို ပြိုင်ပွဲနီးကပ်မှသာ ဆုံးဖြတ်မည်ဖြစ်သည်။

ပဏာမမြန်မာ့လက်ရွေးစင် ရေကူး အားကစားသမား ကျော်ဇင်အား ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ကျင်းပသည့် ကမ္ဘာ့ချန်ပီယံရှစ် ရေကူးပြိုင်ပွဲသို့ စေလွှတ်ယှဉ်ပြိုင်ခဲ့ရာ ဆုတံဆိပ် မရရှိသော်လည်း စံချိန်ကောင်းမွန်ခဲ့ကြောင်း သိရသည်။

ညှိနှိုင်းပေါင်းစပ်

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်သည် ပထမအဆင့်အနေဖြင့် ပြိုင်ပွဲနိုင်ရေးအတွက် လုပ်ဆောင်ပြီး ဒုတိယအဆင့်အနေဖြင့် ဆုတံဆိပ်ရရှိရေးအတွက် ကြိုးစား လုပ်ဆောင်လျက်ရှိသည်။ အားကစားသမားရွေးချယ်ရာ၌ တရုတ်နည်းပြဆရာ၏ စိတ်ကြိုက်ရွေးချယ်မှုကို အဖွဲ့ချုပ် နည်းစနစ်ကော်မတီနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း ဖြစ်သည်။

ပဏာမမြန်မာ့လက်ရွေးစင် ရေကူး အားကစားသမားများကို ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ စခန်းသွင်း လေ့ကျင့်ခဲ့ခြင်း ဖြစ်သည်။ ယခင် လေ့ကျင့်နေသည့် မျိုးဆက်သစ် အားကစားသမားများကို တရုတ်နည်းပြက ဆက်လက်လေ့ကျင့်ပေးကာ ဇွန် ၁၈ ရက်က ကျင်းပခဲ့သည့် အိုလံပစ်နေ့ အထိမ်းအမှတ်ရေကူးပြိုင်ပွဲကို အခြေခံ၍ ပဏာမ မြန်မာ့လက်ရွေးစင်များကို ထပ်မံ စိစစ်ရွေးချယ်ခဲ့သည်။

သက်တန်းအလိုက်

ပဏာမမြန်မာ့လက်ရွေးစင် ရေကူး အားကစားသမားများအနက် ကျော်ဇင်နှင့် အောင်ကျော်မိုးတို့သည် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ပါဝင်ခဲ့ကြသူများဖြစ်သည်။ ပဏာမလက်ရွေးစင်အမျိုးသမီး ရေကူး အားကစားသမားများထဲ၌ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ဖူးသူ မပါဝင်ဘဲ သက်တန်းအလိုက် နိုင်ငံတကာပြိုင်ပွဲများ၌ ယှဉ်ပြိုင်ဖူးသူများသာ ပါဝင်သည်။

(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ မြန်မာ့လက်ရွေးစင် ဒိုင်ဗင်အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော်လည်း ဆုတံဆိပ် မရခဲ့ချေ။ (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဟန်ချက်ညီ ဒိုင်ဗင်အမျိုးအစား၌ ပါဝင်ယှဉ်ပြိုင်ရန် ရည်ရွယ်၍ ဟန်ချက်ညီ ဒိုင်ဗင်ကို ဦးစားပေးလေ့ကျင့်လျက်ရှိသည်။ ဒိုင်ဗင် အားကစားနည်းတွင် ဆယ်စုနှစ် တစ်ခုကျော် အားကစားသမားမရှိဘဲ မျိုးဆက်ပြတ်နေခဲ့ရာမှ တစ်ကျော့ပြန် မွေးမြူပျိုးထောင်နေရခြင်းဖြစ်သည်။

အမှတ်ပေးစနစ်

ဒိုင်ဗင် အားကစားနည်းသည် အမှတ်ပေးစနစ်ကို ကျင့်သုံးခြင်းဖြစ်၍ မိမိတို့၏ လုပ်ဆောင်ချက်ကောင်းမွန်သည်နှင့်အမျှ ဒိုင်လူကြီးများက အမှတ်ပေးခဲ့လျှင် ဆုတံဆိပ်ရရှိမည်ဖြစ်သည်။ ပဏာမ မြန်မာ့လက်ရွေးစင် ဒိုင်ဗင် အားကစားသမားများ တိုးတက်မှုရှိပြီး တရုတ်နည်းပြက ၎င်း၏ လေ့ကျင့်မှုအတိုင်း လိုက်နာလုပ်ဆောင်နိုင်လျှင် ဟန်ချက်ညီဒိုင်ဗင်၌ ဆုတံဆိပ်ရနိုင်ကြောင်း ပြောကြားခဲ့သည်။

ပဏာမမြန်မာ့လက်ရွေးစင် ရေကူး အားကစားအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးချိုမောင်(ဒုတိယဥက္ကဋ္ဌ)၊ နည်းပြချုပ်အဖြစ် Mr. Liu Haifeng (တရုတ်)၊ လက်ထောက်နည်းပြအဖြစ် ဦးရဲအောင် (တွဲဖက်အတွင်းရေးမှူး)တို့က တာဝန်ယူဆောင်ရွက်ကြသည်။

အားကစားသမားများအဖြစ် အမျိုးသား ကျော်ဇင်၊ ဝင်းထိုက်၊ စောစံလင်း၊ အောင်ကျော်မိုးနှင့် ရဲမြင့်ဟိန်း၊ အမျိုးသမီး မအိအိသက်နှင့် နှင်းနှင်းအေးတို့ ပါဝင်ကြသည်။

တာဝန်ယူဆောင်ရွက်

ပဏာမမြန်မာ့လက်ရွေးစင် ဒိုင်ဗင် အားကစားအဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးသန်းကြိုင် (တွဲဖက်အတွင်းရေးမှူး)၊ နည်းပြချုပ်အဖြစ် Mr. Zeng Yong (တရုတ်)၊ လက်ထောက်နည်းပြအဖြစ် ဦးစိုးမိုးတို့က တာဝန်ယူဆောင်ရွက်ကြသည်။

အားကစားသမားများ အဖြစ် အမျိုးသား ကျော်သူအောင်၊ နောင်ဂျာ၊ ခိုင်မောင်ကြည်နှင့် ညီညီထွန်း၊ အမျိုးသမီး စိုးစန္ဒာညွန့်၊ မွန်းပေ၊ နော်အဲစေးထီးနှင့် ခင်ကြည်တို့ ပါဝင်ကြသည်။

ပဏာမမြန်မာ့လက်ရွေးစင် ဒိုင်ဗင် အားကစားသမားများသည် လူငယ်လူသစ်များသာဖြစ်ကြပြီး (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သူများ ပြန်လည်ပါဝင်လာခြင်း မရှိချေ။

ကြိုးပမ်းလုပ်ဆောင်

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ခင်ရွှေ၊ ဒုတိယ ဥက္ကဋ္ဌ ဦးချိုမောင်၊ အထွေထွေအတွင်းရေးမှူး ဦးကျော်ဦးနှင့် အမှုဆောင်အဖွဲ့ဝင်များသည် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေးအတွက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသကဲ့သို့ မျိုးဆက်သစ် ရေကူးနှင့် ဒိုင်ဗင် အားကစားသမားများ ပေါ်ထွက်လာရေးအတွက်လည်း ပြည်တွင်းပြိုင်ပွဲများ ကျင်းပပေးလျက်ရှိကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ပဏာမမြန်မာ့လက်ရွေးစင် ဒိုင်ဗင်အားကစားသမားတစ်ဦး၏ လေ့ကျင့်မှုကို ဤသို့ တွေ့ရသည်။ (ရေကူးအဖွဲ့ချုပ်)

၂၀၀၇ ခုနှစ် နဝမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာလက်ဝှေ့ လူသစ်တန်းပြိုင်ပွဲ အကြိုဗိုလ်လုပွဲများယှဉ်ပြိုင်

ရန်ကုန် ဇူလိုင် ၇

၂၀၀၇ခုနှစ် နဝမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မြန်မာ့ရိုးရာလက်ဝှေ့လူသစ်တန်းပြိုင်ပွဲ အကြိုဗိုလ်လုပွဲများကို ယနေ့မွန်းလွဲ ၂နာရီက အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံတွင်ကျင်းပရာ ဝိတ်တန်းခြောက်တန်းတွင် အလဲထိုး ၁၀ ပွဲနှင့် ဒိုင်အဆုံးအဖြတ် တစ်ပွဲအပါအဝင် ၁၁ပွဲ ယှဉ်ပြိုင်ခဲ့သည်။

(ဂ)အဆင့် ၅၄ ကီလို ဘင်တန်ဝိတ်တန်းပြိုင်ပွဲတွင် ကျော်သွီး(ကရင်)က အောင်ပိုင်လေး(မွန်)ကို ခေါင်းဖြင့်ပြေးတိုက်ထားစဉ်။

လူသစ်တန်း ၅၇ ကီလို ဖယ်သာဝိတ်တန်းပြိုင်ပွဲတွင် ညီမိုက်ခဲ (ကချင်) နှင့် အောင်သိုက်(စစ်ကိုင်း)တို့ ယှဉ်ပြိုင်ကြရာ လက်သီးအားကိုးသည့် ညီမိုက်ခဲ၏ ညာလက်သီးထိမိ၍ အောင်သိုက် နှစ်ကြိမ် လဲကျခဲ့သဖြင့် အမှတ်စဉ်

ယခုပြိုင်ပွဲဝင် အသင်းများထဲ၌ ကရင်ပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်ကလေးတွေ တိုးတက်မှုရှိကြောင်း၊ ယင်းသို့ တိုးတက်ရခြင်းမှာ ထောက်ပံ့မှု အားကောင်းခြင်းကြောင့် ဖြစ်ကြောင်း ကြိုးဝိုင်းဒိုင် ဦးသန်းလွင်က မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

နှစ်ကြိမ် ရေတွက်ခြင်းခံခဲ့သည်။ ပထမအချီ ၂မိနစ် ၄၉စက္ကန့်တွင် ညီမိုက်ခဲ ဘယ်ခြေခတ်ချက်က အောင်သိုက် မျက်နှာ ချက်ကောင်းထိ၍ လဲကျသွားသောကြောင့် ညီမိုက်ခဲအလဲထိုးဖြင့် အနိုင်ရရှိသွားသည်။ ဒုတိယပွဲစဉ်တွင် ဂနိုင်ကြီး (ရှမ်းပြည်နယ်-အရှေ့ပိုင်း) ဆေးကျသဖြင့် သားကျောင်းသား (ကရင်ပြည်နယ်)အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ဗိုလ်လုပွဲတွင် ညီမိုက်ခဲနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

လိုက်မစ်ဒယ်ဝိတ်တန်း

လူသစ်တန်း ၇၁ ကီလို လိုက်မစ်ဒယ်ဝိတ်တန်း အကြိုဗိုလ်လုပွဲတွင် အောင်မြင့် (တနင်္သာရီ)နှင့် မိုးကြိုးအောင် (ကရင်)တို့ ယှဉ်ပြိုင်ကြရာ ပထမအချီ ၂မိနစ် ၅၄စက္ကန့်တွင် မိုးကြိုးအောင် (ကရင်)၏ ညာခြေကန်ချက် ရင်ဘတ်ထိ၍ အောင်မြင့် လဲကျပြီးပြန်မထနိုင်တော့သဖြင့် မိုးကြိုးအောင် အလဲထိုးဖြင့် အနိုင်ရရှိသွားခဲ့သည်။ ဒုတိယပွဲတွင် ဇေယျာမင်း (စစ်ကိုင်း)နှင့် သူရအောင် (မွန်)တို့ ပထမအချီတွင် အကြိတ်အနယ် သူတစ်ပြန် ကိုယ်တစ်ပြန် ယှဉ်ပြိုင်ရင်း သရေဖြစ်နေပြီး ဒုတိယအချီ ၁မိနစ် ၄၉စက္ကန့်တွင် သူရအောင်၏ ညာဒူးတိုက်ချက် ဇေယျာမင်း ရင်ညွန့်ထိမိ၍ ဇေယျာမင်းအလဲထိုးဖြင့် အရှုံးပေးလိုက်ရသည်။ ဗိုလ်လုပွဲအဖြစ် သူရအောင်သည် မိုးကြိုးအောင်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဘင်တန်ဝိတ်တန်း

(ဂ)အဆင့် ၅၄ကီလို ဘင်တန်ဝိတ်တန်းအကြိုဗိုလ်လုပွဲအဖြစ်ကျော်သွီး (ကရင်)နှင့် အောင်ပိုင်လေး (မွန်)တို့ သုံးချီ အချီပြည့် ယှဉ်ပြိုင်ကြရာ သရေဖြစ်နေ၍ ဒိုင်လူကြီးဆုံးဖြတ်ချက်အရ အောင်ပိုင်လေး အနိုင်ရပြီး ဗိုလ်လုပွဲသို့တက်ရောက်သွားသည်။ ဒုတိယပွဲတွင် ဖွဲကျောင်းသား (ကချင်)နှင့် ဇော်လင်း (ဧရာဝတီ)တို့ပွဲတွင် ပထမအချီ ၁မိနစ်၄၈စက္ကန့်တွင် ဇော်လင်း၏ ဘယ်ခြေခတ်ချက်ကြောင့် ဖွဲကျောင်းသား၏ ညာနံရိုးထိ၍ ပြန်မထနိုင်တော့ပေ။ ထို့ကြောင့် ဇော်လင်း ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီး အောင်ပိုင်လေးနှင့် ဗိုလ်လုရမည်ဖြစ်သည်။

လိုက်ဝိတ်တန်း

(ဂ)အဆင့် ကီလို ၆၀ လိုက်ဝိတ်တန်းအကြိုဗိုလ်လုပွဲတွင် ရဲရင့်အောင် (တနင်္သာရီ)နှင့် ကြယ်စင်အောင် (ရန်ကုန်)တို့ ယှဉ်ပြိုင်ကြရာ ပထမအချီ ၂မိနစ် ၁၀စက္ကန့်အရောက်တွင် ရဲရင့်အောင် ခုန်အကန် ကြယ်စင်အောင်၏ ညာထောက်လက်သီး နဖူးထိ၍ ရဲရင့်အောင် လဲကျပြီး အလဲထိုးဖြင့် အရှုံးပေးလိုက်ရသည်။ ဒုတိယပွဲအဖြစ် ရွှေခါး(မကွေး)နှင့် အောင်ဘ(ကချင်)တို့ ဆက်လက်ယှဉ်ပြိုင်ရာ ပထမအချီပွဲအစတွင် သူတစ်ပြန်ကိုယ်တစ်ပြန် ဖြစ်နေသောကြောင့် ပွဲမှာကြည့်ကောင်း

ယခု မိမိ နှစ်ပွဲ အနိုင်ရရှိထားကြောင်း၊ ဇူလိုင် ၉ ရက်တွင် စောဝါးလေး (ပဲခူး)နှင့် ယှဉ်ပြိုင်ရမှာဖြစ်ကြောင်း စိုးမိုးဟိန်းက မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

သော်လည်း ပထမအချီ ၂မိနစ် ၁၆ စက္ကန့်အရောက်တွင် ရွှေခါး၏ အားပါသော ဘယ်လက်သီး အောင်ဘ၏ မျက်နှာ ညာဘက်ခြမ်းအားထိမိ၍ လဲကျ သွားခြင်းကြောင့် ရွှေခါး အလဲထိုးဖြင့် အနိုင်ရရှိ သွားပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ဗိုလ်လုပွဲတွင် ရွှေခါးသည် ကြယ်စင်အောင်နှင့် တွေ့မည်ဖြစ်သည်။

ဖလိုင်းဝိတ်တန်း

(ခ)အဆင့် ၅၁ကီလို ဖလိုင်းဝိတ်တန်းအကြို ဗိုလ်လုပွဲ ပထမပွဲတွင် အောင်ထွန်းလင်း(ကချင်)နှင့် အောင်သူဟိန်း (ရန်ကုန်) လုံးတူဒေါက်တူဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်ကြရာ ပထမအချီ ၂မိနစ်၂၅စက္ကန့်တွင် အောင်ထွန်းလင်း အဝင်လောကြီးသွားသောကြောင့် အောင်သူဟိန်း၏ ဘယ်ဝိုက်လက်သီး ၎င်း၏ မျက်နှာချက်ကောင်းကိုထိပြီး လဲကျခဲ့သဖြင့် အရှုံးပေး လိုက်ရရှာသည်။ဒုတိယပွဲတွင် ချစ်အောင်(ကရင်) နှင့် စိုးမင်း (ဧရာဝတီ)တို့ ရေကုန်ရေခန်း အကြိတ်အနယ် ယှဉ်ပြိုင်ကြရာ ပထမအချီ သရေဖြစ်နေ၍ ဒုတိယအချီ ၁မိနစ် ၂၂စက္ကန့်တွင် ချစ်အောင်၏ အားပါသော ညာခြေကန်ချက်က စိုးမင်း ရင်ညွန့်ထိ၍ လဲကျသွားပြီး ပြန်မထနိုင်ဘဲ အလဲထိုးဖြင့် အရှုံးပေးလိုက်ရသည်။ ချစ်အောင်နှင့်အောင်သူဟိန်း ဗိုလ်လုပွဲ နွှဲရမည်ဖြစ်သည်။

(ခ)အဆင့် ကီလို ၆၀ လိုက်ဝိတ်တန်း အကြိုဗိုလ်လုပွဲ ပထမပွဲအဖြစ် လက်သီး တံတောင်ခြေကန်ချက်များကို အသုံးများသည့် ကရင်ပြည်နယ်မှ ဖုန်းဝါနှင့်လက်သီးခြေကန်ချက်များဖြင့် တုံ့ပြန်တတ်သည့် ဧရာဝတီတိုင်းသားလေး ဝမ်ရှိတို့ပွဲမှာ အကြိတ်အနယ်ရှိပြီး ပရိသတ် အားပေးမှု အခံရဆုံးဖြစ်ပြီး အမှားမခံဘဲ ဘတစ်ပြန် ကျားတစ်ပြန် ယှဉ်ပြိုင်ကြရာ ပထမအချီမှ တတိယအချီအထိ သရေဖြစ်နေ၍ စတုတ္ထအချီ ၂မိနစ် ၂၂စက္ကန့်အရောက်တွင် ဝမ်ရှိ ဝင်အပူးတွင် ဖုန်းဝါခေါင်းတိုက်ချက်ကြောင့် ဘယ်ဘက်မျက်ခုံးအပေါ်စပ် ကွဲသွားရာ ဆရာဝန်က ဆက်ထိုးခွင့်မပြု၍ ဝမ်ရှိ ဆေးရှုံးဖြင့် အရှုံးပေးလိုက်ရရှာသည်။ ဒုတိယပွဲအဖြစ် ဘိုဘိုအောင်(ရန်ကုန်) နှင့်စောနေအောင် (ကချင်)တို့ ယှဉ်ပြိုင်ကြရာ ပထမအချီပြီးဆုံးသည်အထိ အကြိတ်အနယ်ရှိပြီး သရေဖြစ်နေရာ ဒုတိယအချီ ၂မိနစ် ၅၆စက္ကန့်တွင် ဘိုဘိုအောင် ညာလက်သီး စောနေအောင် မျက်နှာ ချက်ကောင်းထိ၍ အလဲထိုးဖြင့် အရှုံးပေးလိုက်ရရှာသည်။ ဖုန်းဝါနှင့် ဘိုဘိုအောင်တို့ ဗိုလ်လုကြရမည်ဖြစ်သည်။

တွေ့ဆုံမေးမြန်း

မြန်မာ့အလင်း သတင်းအဖွဲ့သည် ရန်ကုန်တိုင်း(ဒိုင်) ဦးစိုးဝင်း(ရိုးမကျား)၊ အဖွဲ့ချုပ်ဒိုင် တွံတေးသန်းလွင်နှင့် အသက် ၁၅နှစ်သားလေး ပြိုင်ပွဲဝင် စိုးမိုးဟိန်း(ကရင်) တို့နှင့် တွေ့ဆုံ၍ ပြိုင်ပွဲအခြေအနေ ပါဝင်ယှဉ်ပြိုင်မှု အနေအထားများကို တွေ့ဆုံမေးမြန်းရာ ဦးစိုးဝင်း(ရိုးမကျား)က"ယခုယှဉ်ပြိုင်ပွဲကြီးသည် တစ်နှစ်ထက် တစ်နှစ် တိုးတက်မှုရှိကြောင်း၊ ယခုပြိုင်ပွဲတွင် ယနေ့အထိ မိမိအကြိုက်ဆုံး၊ ပရိသတ်အနှစ်သက်ဆုံး ပြိုင်ပွဲနှင့် ဆုကြေးအများဆုံး ချီးမြှင့်ခြင်းခံရသည့်ပွဲမှာ ကရင်ပြည်နယ်မှ ကျော်သွီးနှင့် ကယားပြည်နယ်မှ တကောင်ဘွားတို့ပွဲပင် ဖြစ်ကြောင်း၊ မိမိသည် မြန်မာ့ရိုးရာလက်ဝှေ့ကို ၁၈နှစ်သားမှာ စတင်ထိုးခဲ့ကြောင်း၊ ယခုအခါ မြန်မာ့ရိုးရာလက်ဝှေ့ကို ချစ်မြတ်နိုးတဲ့အတွက် ခုံဒိုင်၊ ကြိုးဝိုင်းဒိုင်နှင့် ရန်ကုန်တိုင်း အမှတ်ပေးဒိုင်အဖြစ် တာဝန် ထမ်းဆောင်လျက်ရှိကြောင်း" မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

တိုးတက်မှုရှိ

ဆက်လက်၍အဖွဲ့ချုပ်ဒိုင်၊ကြိုးဝိုင်းဒိုင် ဦးသန်းလွင်က "ယခုပြိုင်ပွဲယှဉ်ပြိုင်သွားသည့် ကလေးတွေ တိုးတက်မှု

ယခုပြိုင်ပွဲတွင် ဆုအများဆုံး၊ ပရိသတ် အကြိုက်ဆုံး နှင့်မိမိအကြိုက်ဆုံး ပွဲမှာ ကျော်သွီး (ကရင်)၊တကောင်ဘွား (ကယား)တို့ ပွဲပင်ဖြစ်ကြောင်း ဦးစိုးဝင်း (ရိုးမကျား)က မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

ရှိကြောင်း၊အထူးသဖြင့်ကရင်ပြည်နယ် အသင်းမှ ကလေးတွေတိုးတက်မှု အရှိဆုံးဖြစ်ကြောင်း၊ ယင်းသို့ တိုးတက်ရခြင်းမှာလည်း ထောက်ပံ့မှုအားကောင်းခြင်းကြောင့်ဖြစ်ကြောင်း၊ အားကစားတစ်ရပ် တိုးတက်ရန်မှာ ထောက်ပံ့မှုသည် အဓိကနေရာမှာ ပါဝင်ကြောင်း" ရှင်းပြသွားသည်။

ရှင်းပြ

(၄၈)ကီလို လိုက်ဖလိုင်းဝိတ်တန်းတွင် နှစ်ပွဲအလဲထိုးဖြင့် အနိုင်ရရှိထားသော ကရင်ပြည်နယ်မှ အသက် ၁၅နှစ်သားလေး စိုးမိုးဟိန်းက "မိမိ ၉နှစ်သားမှစတင်၍ ကရင်ပြည်နယ် ဦးကျော်သိန်းတူ အသင်းဥက္ကဋ္ဌအဖြစ် တည်ထောင်ထားသည့် မျိုးဆက်သစ်ကလပ်၌ မြန်မာ့ရိုးရာလက်ဝှေ့ကို စတင်သင်ယူခဲ့ကြောင်း၊ ၎င်း၏ ပထမဆုံးပွဲမှာ ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ကျေးရွာမှ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်မှ စတင်ခဲ့ကြောင်း၊ ယင်းပွဲအပါအဝင် ၁၃ပွဲ ယှဉ်ပြိုင်ရာမှာ ယခုအချိန်ထိ တစ်ပွဲမျှ မရှုံးဖူးသေးကြောင်း၊ ယခုပြိုင်ပွဲကြီးတွင် နှစ်ပွဲအနိုင် ရရှိထားကြောင်း၊ ၉ရက်တွင် ပဲခူးတိုင်းမှ စောဝါးလေးနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ရှင်းပြသွားသည်။

ယှဉ်ပြိုင်မည်

ဇူလိုင်၈ရက် **(ယနေ့)**တွင် ပြိုင်ပွဲမရှိဘဲ ဇူလိုင် ၉ရက် အကြိုဗိုလ်လုပွဲများအဖြစ် လူသစ်တန်း လိုက်ဖလိုင်းဝိတ်တန်း ၄၈ကီလိုတန်းပြိုင်ပွဲတွင် မိုးကြိုး (တနင်္သာရီ)နှင့် ဝေယံ (ရှမ်း၊ အရှေ့)၊ စောဝါးလေး (ပဲခူး)နှင့် စိုးမိုးဟိန်း (ကရင်)၊ လူသစ်တန်း ဖလိုင်းဝိတ် ၅၁ ကီလိုတန်းပြိုင်ပွဲတွင် ရွှေချစ်သွေး (ကရင်)နှင့် ကျော်စွာ (ရန်ကုန်)၊ မောင်နိုင် (စစ်ကိုင်း)နှင့် သက်ပိုင်စိုး (တနင်္သာရီ)၊ လိုက်ဝိတ်တန်း လူသစ်တန်းပြိုင်ပွဲတွင် သားသား (တနင်္သာရီ) နှင့် စိုးမင်းဦး (ရန်ကုန်)၊ ရာဇာမင်းခေါင်(ပဲခူး)နှင့် ကျော်ရာဇာ(ကရင်)၊ (ဂ)အဆင့် ဖလိုင်းဝိတ်တန်း ၅၁ ကီလိုတန်းပြိုင်ပွဲတွင် ဟိန်းကိုလတ် (ဧရာဝတီ)နှင့် ဖိုးလုံး (တနင်္သာရီ)၊ မန္တလာမောင်(မန္တလေး)နှင့် ကချင်လေး (ကရင်)၊ (ဂ)အဆင့် ဖယ်သာဝိတ် ၅၇ကီလိုတန်းပြိုင်ပွဲတွင် မိုးကြိုး (မကွေး)နှင့် ဝိုင်ဝိုင်း(ကရင်)၊ မိုးထိမိုက် (ရန်ကုန်)နှင့် စိန်မင်းကျော်(ဧရာဝတီ)၊ (ဂ)အဆင့် ဝယ်လ်သာဝိတ် ၆၅ကီလိုတန်းပြိုင်ပွဲတွင် ဆန်းလင်းထက်ကျော် (ကရင်)နှင့် ဖိုးတေ(မန္တလေး)၊ စိုးတင့် (ဧရာဝတီ)နှင့် တပင်ရွှေထီး (ပဲခူး)၊ (ခ)အဆင့် ဘင်တန်ဝိတ် ၅၄ကီလိုတန်းပြိုင်ပွဲတွင် အောင်သူရ (ရန်ကုန်) နှင့် သက်ထူးအောင်(ကရင်)တို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြန်မာ့ရိုးရာလက်ဝှေ့ ဝါသနာအိုးများ အတွက် သတင်းမြင်ကွင်း ဖော်ပြ အပ်ပါသည်။ ။ **(မြန်မာ့အလင်း)**

(ဂ)အဆင့် ကီလို ၆၀ လိုက်ဝိတ်တန်းပြိုင်ပွဲတွင် ရဲရင့်အောင်(တနင်္သာရီ)အား ကြယ်စင်အောင်(ရန်ကုန်)က ဤသို့ ကိုင်ပေါက်ခဲ့သည်မှာ...။

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံလက်ရာ သိန်းဝင်းလေး (မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

မန်ယူတိုက်စစ်အတွက် တီဗက်ဇ် ရောက်လာတော့မည်

လန်ဒန် ဇူလိုင် ၇

နွေရာသီ အပြောင်းအရွှေ့ကာလ၌ လူငယ်ထိပ်တန်းဘောလုံးသမားများကို ခြေမြန်လက်မြန် ဝယ်ယူဖြည့်ဆည်းလိုက်သော ပရီမီယာလိဂ်လက်ရှိချန်ပီယံ မန်ယူအသင်းက အပူတပြင်းလိုအပ်နေသည့် တိုက်စစ်မှူးတစ်ဦးနေရာအတွက် ဝက်စ်ဟမ်းအသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်ကို ခေါ်ယူတော့မည်ဖြစ်သည်။

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

မန်ယူသို့ရောက်ရှိလာမည့် အာဂျင်တီးနားနှင့် ဝက်စ်ဟမ်းတိုက်စစ်မှူး တီဗက်ဇ်။ (ဓာတ်ပုံ-အင်တာနက်)

မန်ယူ နည်းပြ ဖာဂူဆန်က **"တီဗက်ဇ်လို တိုက်စစ်မှူးမျိုးဟာ မန်ယူမှာရှိသင့်တဲ့ ကစားသမားတစ်ဦးပါပဲ"** ဟု ပြောကြားခဲ့ပြီး ယခုအခါ ဝက်စ်ဟမ်းအသင်းနှင့် အပြီးသတ်ဆွေးနွေးမှုများ ပြုလုပ်ရန်သာ ကျန်ရှိသည်။

ဦးဆောင်

လောလောဆယ်တွင် တီဗက်ဇ် အနေဖြင့် မိခင်အာဂျင်တီးနားအသင်းအတွက် ကိုပါအမေရိကဖလားပြိုင်ပွဲ၌ ပါဝင်ကစားပေးနေရသည်။ အာဂျင်တီးနား အသင်း၌လည်း ကားလို့စ်တီဗက်ဇ်သည် အဓိက တိုက်စစ်မှူးတစ်ဦးအဖြစ် ဦးဆောင်ကစားနေသူဖြစ်သည်။

အံ့ဝင်ခွင်ကျ

၁၉၈၄ခုနှစ် ဖေဖော်ဝါရီ ၅ရက်၌ မွေးဖွားခဲ့သော အာဂျင်တီးနားတိုက်စစ်မှူး တီဗက်ဇ်သည်ယခုအခါအသက် ၂၃နှစ်အရွယ်သာရှိသေးသည့် လူငယ်တိုက်စစ်မှူးဖြစ်ရာ လူငယ်ဘောလုံးသမား ကြယ်ပွင့်များနှင့် အစားထိုးပြောင်းလဲနေသော မန်ယူအသင်းအတွက် အံ့ဝင်ခွင်ကျဖြစ်နေသူ တိုက်စစ်မှူးတစ်ဦးလည်း ဖြစ်သည်။

ဆုံးဖြတ်

မန်ယူ၌ တိုက်စစ်မှူး ဆာဟာနှင့် အလန်စမစ်တို့ကို မန်ယူကရောင်းထုတ်တော့မည်ဖြစ်ရာ တိုက်စစ်စွမ်းရည်ထက်မြက်သော လူငယ်တိုက်စစ်မှူးတစ်ဦးလိုအပ်မှုအတွက် တီဗက်ဇ်နှင့် အစားထိုးရန် ဖာဂူဆန်ဆုံးဖြတ်လိုက်ပြီဖြစ်သည်။

အာဂျင်တီးနားတိုက်စစ်မှူး တီဗက်ဇ်သည် ပြီးခဲ့သည့်နှစ် ဩဂုတ်လက ဝက်စ်ဟမ်း အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်သည်။ ဝက်စ်ဟမ်းသို့ မပြောင်းရွှေ့မီ အာဂျင်တီးနားရှိ ဘိုကာဂျူနီယာအသင်း၌ ကစားနေခဲ့ရာမှ ၂၀၀၄ခုနှစ်တွင် ဘရာဇီး ကလပ် ကိုရင်သီယန်အသင်းက ပေါင် ၉ဒသမ ၅ သန်းဖြင့် ခေါ်ယူခဲ့သဖြင့် သွားရောက်ကစားခဲ့သည်။

ဆက်လက်ကစား

ထိုအချိန်ကပင် ပရီမီယာလိဂ်ကလပ်များဖြစ်သည့် ချယ်လ်ဆီး၊ မန်ယူနှင့် အာဆင်နယ်တို့က ခေါ်ယူရန် ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။ ထို့အတူ စပိန်နှင့် အီတလီ ကလပ်များက ကမ်းလှမ်းခဲ့မှုကိုလည်း တီဗက်ဇ်က ငြင်းပယ်ကာ ကိုရင်သီယန်၌ ဆက်လက် ကစားခဲ့သည်။

ထိုသို့ ကစားနေရာမှ ပြီးခဲ့သည့်နှစ်က ဝက်စ်ဟမ်းအသင်းမှ နေ၍ တီဗက်ဇ်နှင့် အာဂျင်တီးနားကွင်းလယ်ကစားသမား ဂျာဗီရာမက်ချီရာနိုတို့ကို ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

စိတ်ချရသူ

တိုက်စစ်မှူး တီဗက်ဇ်သည် ပြီးခဲ့သည့် ပရီမီယာလိဂ် ဘောလုံးရာသီက ဝက်စ်ဟမ်းအသင်းအတွက် ၁၀ပွဲကစားပေးခဲ့ပြီး ခုနစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ တီဗက်ဇ်သည် ဝက်စ်ဟမ်းကစားသမားများနှင့် လျင်မြန်စွာ အသားကျအောင်ကစားနိုင်သူဖြစ်ပြီး အဆုံးအဖြတ်ဂိုးများကို သွင်းယူရာတွင် စိတ်ချရသူတစ်ဦးဖြစ်ကြောင်း ဝက်စ်ဟမ်းနည်းပြ အလန်ပါဂျူးက ပြောကြားခဲ့သည်။

ဆွေးနွေး

ဗင်နီဇွဲလားနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပနေသော ကိုပါအမေရိကဖလား ပြိုင်ပွဲ၌ အာဂျင်တီးနားအသင်းတွင် ပါဝင်ကစားနေသော တီဗက်ဇ်အနေဖြင့် ပြိုင်ပွဲပြီးဆုံးမည့် ဇူလိုင်၁၄ရက်၌ မန်ယူနှင့်အပြီးသတ် ဆွေးနွေးမှုများပြုလုပ်ရန်သာ လိုတော့မည်ဖြစ်သည်။

နောက်ဆုံးအဆင့်

မန်ယူနှင့်ဆွေးနွေးခဲ့ရာ၌ သဘောတူညီချက်များရရှိခဲ့ပြီဟု ဝက်စ်ဟမ်းအသင်းက ပြောကြားခဲ့သော်လည်း အနည်းဆုံး သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူမည်ဖြစ်ကြောင်း၊ ထိုသို့ခေါ်ယူရာ၌ အပြီးအပိုင်ခေါ်ယူရေးနှင့် အငှားချရေး ဆိုသည်ကို ဝက်စ်ဟမ်း အသင်းက တိကျစွာ မပြောကြားချေ။ သို့သော် မန်ယူသို့ တီဗက်ဇ်ပြောင်းရွှေ့မှုမှာ နောက်ဆုံးအဆင့်သာ ရှိတော့သည် ဖြစ်ရာ မန်ယူအတွက် အသက် ၂၃နှစ် အရွယ် လူငယ်တိုက်စစ်မှူးတစ်ဦးကို ဖာဂူဆန် ခေါ်ယူနိုင်တော့မည်ဖြစ်သည်။

မြင်တွေ့ရတော့မည်

ထို့ကြောင့် လာမည့်ဘောလုံးရာသီတွင် မန်ယူ၌ ရွန်နေနှင့် တီဗက်ဇ်တို့ တိုက်စစ်အတွဲကို မြင်တွေ့ရတော့မည် ဖြစ်ပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

✦ **ဝက်စ်ဟမ်းအသင်း ကွင်းလယ်ကစားသမား ရီယိုကိုကာအား အက်စ်တွန်ဗီလာအသင်းက ပေါင်၈ဒသမ ၅သန်းဖြင့် ခေါ်ယူလိုက်သည်။**

✦ ပြင်သစ်နှင့် အော်ဇေးအသင်း နောက်ခံလူ ကာဘော်လ်အား စပါးအသင်းက စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်သည်။

(အင်တာနက်)

ပြင်သစ် ကွင်းလယ်ကစားသမား မာလူဒါ ချယ်လ်ဆီးက ခေါ်ယူရေး ကြိုးစားနေ

ရေးသားသူ
မြင့်မောင်စိုး

လန်ဒန် ဇူလိုင် ၇

လီယွန်အသင်း ကွင်းလယ် ကစားသမား ဖလောရင့်မာလူဒါအား ချယ်လ်ဆီးအသင်းက စာချုပ်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ချယ်လ်ဆီးအမှုဆောင်အရာရှိချုပ် ပီတာကင်ယွန်းက ပြောကြားသည်။

ချယ်လ်ဆီးအသင်းက ခေါ်ယူရန် ကြိုးစားနေသော လီယွန် ကွင်းလယ် ကစားသမား မာလူဒါ။ (ဓာတ်ပုံ-အင်တာနက်)

လိုချင်

သို့ရာတွင် အဆိုပါကစားသမား ပြောင်းရွှေ့ကြေး ကိစ္စနှင့်ပတ်သက်ပြီး အသင်း နှစ်သင်းအကြား သဘောတူညီမှုမရသေးဟုဆိုသည်။ သို့သော် ပြင်သစ်ကလပ် လီယွန်က အနည်းဆုံး ပေါင် ၁၃ဒသမ ၅သန်း လိုချင်သည်ဟု ဆိုနေသည်။

မာလူဒါ ချယ်လ်ဆီးသို့ရောက်ရှိလာခဲ့လျှင် အခြားကစားသမားများ အသင်းမှ ထွက်ခွာဖွယ်မရှိကြောင်း ပီတာကင်ယွန်းက ပြောကြားသည်။

ထွက်လာဖွယ်ရှိ

မာလူဒါသည် ပြီးခဲ့သော ကမ္ဘာ့ဖလားဗိုလ်လုပွဲတွင် ပြင်သစ်အသင်း၌ ပါဝင်ကစားခဲ့သူဖြစ်သည်။ ၎င်းကစားသမား ပြောင်းရွှေ့ရေးကိစ္စနှင့် ပတ်သက်ပြီး ချယ်လ်ဆီးအသင်းနှင့်လီယွန်အသင်းတို့အကြား ပြောင်းရွှေ့ကြေးကိစ္စ စေ့စပ်ဆွေးနွေးမှု အောင်မြင်ခဲ့လျှင် ချယ်လ်ဆီးကွင်းလယ်၌ လမ်းပတ်နှင့်အပြိုင် ပွဲထွက်လာဖွယ်ရှိသည်။ **(အင်တာနက်)**

လီဗာပူး နာမည်ကြီးကွင်းလယ် ကစားသမားဇန်ဒန်း မာဆေးအသင်းက ခေါ်ယူစာချုပ်မည်

မာဆေးက ခေါ်ယူမည့် လီဗာပူးကွင်းလယ်ကစားသမား ဇန်ဒန်း။ (ဓာတ်ပုံ-အင်တာနက်)

လန်ဒန် ဇူလိုင် ၇

လီဗာပူးကွင်းလယ်ကစားသမား ဇန်ဒန်းအား ခေါ်ယူစာချုပ်မည်ဖြစ်ကြောင်း ပြင်သစ်ကလပ် မာဆေးက ကြေညာလိုက်သည်။

အသက် ၃၀ ရှိသည့် ဇန်ဒန်းသည် မေလက ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် လီဗာပူးအသင်းအတွက် ခြေစွမ်းပြကစားနိုင်ခဲ့သူလည်း ဖြစ်သည်။

စာချုပ်မည်

၎င်းအား ဆေးစစ်မှုပြီးစီးသွားပြီဖြစ်၍ မာဆေးက နှစ်နှစ် စာချုပ်မည်ဖြစ်ကြောင်း သိရသည်။

ဇန်ဒန်းသည် ပီအက်စ်ဗွီအိုင့်ဟိုဗင်၊ ဘာစီလိုနာ၊ ချယ်လ်ဆီး၊ မစ်ဒယ်ဘရော့နှင့် လီဗာပူးအသင်းများတွင် ကစားခဲ့သူ ဖြစ်သည်။ သို့ရာတွင် ၎င်းသည်ပြီးခဲ့သော ဘောလုံးရာသီက ဒဏ်ရာများရရှိထားသဖြင့် လီဗာပူးအသင်းအတွက် ခြေစွမ်းမပြနိုင်ခဲ့ချေ။

(အင်တာနက်)

လမ်းပတ်နှင့် တယ်ရီအား ရောင်းချမည်မဟုတ် ချယ်လ်ဆီး အမှုဆောင်အရာရှိချုပ် ပြောကြား

လန်ဒန် ဇူလိုင် ၇

ချယ်လ်ဆီးအသင်း၏ အဓိကမဏ္ဍိုင်ကစားသမားများ ဖြစ်ကြသည့် လမ်းပတ်နှင့် ဂျွန်တယ်ရီတို့အား ချယ်လ်ဆီး အသင်းက ရောင်းချမည် မဟုတ်ကြောင်း၊ စာချုပ်သစ်များ ချုပ်ဆိုရေး ကြိုးစားနေကြောင်း ချယ်လ်ဆီးအသင်း အမှုဆောင် အရာရှိချုပ် ပီတာကင်ယွန်းက ပြောကြားလိုက်သည်။

ချယ်လ်ဆီးနည်းပြ မော်ရင်ဟို(လယ်)**နှင့် သူ၏တပည့်များ ဖြစ်ကြသည့် လမ်းပတ်**(ဝဲ)**နှင့် ဂျွန်တယ်ရီ။** (ဓာတ်ပုံ-အင်တာနက်)

ပြင်ဆင်လျက်ရှိ

အဆိုပါ ကစားသမားနှစ်ဦးသည် ချယ်လ်ဆီး အသင်းနှင့် စာချုပ်ထားမှုမှာ နှစ်နှစ်ကျန်ရှိနေသေးကြောင်း၊ ယင်းတို့နှင့် စာချုပ်သစ်များ ချုပ်ဆိုရေး ဆွေးနွေးနေဆဲဖြစ်ကြောင်း ပီတာကင်ယွန်းက ဆက်လက်ပြောကြားသည်။ မိမိတို့အနေဖြင့် ဂျွန်တယ်ရီနှင့် လမ်းပတ်တို့အား အမြဲတမ်းခေါ်ယူထားလိုကြောင်း၊ ယင်းတို့နှစ်ဦးသည် ချယ်လ်ဆီးအသင်းအတွက် အောင်မြင်မှုများရရှိအောင် ကြိုးစားပေးနေသည့် အဓိကကစားသမားများဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ ချယ်လ်ဆီးအသင်းမန်နေဂျာ မော်ရင်ဟိုကလည်း အဆိုပါ ကစားသမားနှစ်ဦးနှင့်အတူ လာမည့်ပရီမီယာလိဂ် ကန့်လန့်ကာအဖွင့်တွင် ပွဲထွက်နိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ နွယ်သာကီလမ်း အမှတ် (၁၇၆/၃၀) နေ ဦးကြည်အေး (ဗဟိုဘဏ်ဥက္ကဋ္ဌ-ငြိမ်း)-ဒေါ်ခင်ခင်ဆွေ မိသားစုက မိမိတို့၏ မင်္ဂလာနှစ် (၄၃) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၅၄၃၀၀၀ ကို တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစာရထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကျေးရွာရေရရှိရေး တိုင်းတာဆောင်ရွက်

နမ့်စန် ဇူလိုင် ၁

ကျေးလက်နေ တိုင်းရင်းသားပြည်သူများ သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် နမ့်စန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြတ်ခန့်အေးနှင့် ဝန်ထမ်းများသည် ဇွန် ၁၅ရက်က တိုင်းနားလေးကျေးရွာသို့ သွားရောက်၍ တစ်ဖက်ပိတ်ဆည်မှ ကျေးရွာသို့ ရေပိုက်သွယ်ယူနိုင်ရေးအတွက် ကွင်းဆင်းတိုင်းတာ၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်မိဘများဖြစ်ကြသော ဖခင် ဦးဝမ်း၊ ဖခင် ဦးအောင်မြင့်၊ မိခင် ဒေါ်ညွန့်ညွန့် တို့အား ရည်စူး၍ ရန်ကုန်တိုင်း လသာမြို့နယ် ၂၂လမ်း အမှတ်၄၈ နေ မိခင် ဒေါ်ရှုကြည် အမှူးထား၍ ဦးမျိုးထက် (တေးသံရှင်)-ဒေါ်နုနုရီ (ဟိုတယ်ခရီး)၊ သမီးများဖြစ်ကြသော မသိမ့်သိမ့်ထက်၊ မထက်ဦးလှိုင်၊ မဇင်ပွင့်ထက် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်သေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကောဏ္ဍညထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြု စုပေါင်းသွေးလှူဒါန်းပွဲ လှိုင်ကော်၌ကျင်းပ

လှိုင်ကော် ဇွန် ၂၅

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ဇွန် ၁၄ရက် နံနက် ၉နာရီက လှိုင်ကော်မြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ကျင်းပရာ ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ညွန့်တင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်တင်တင်ကြည်နှင့် ဥက္ကဋ္ဌ ဒေါ်အုန်းရင်တို့က အမျိုးသမီးသွေးလှူရှင် ၁၅ ဦးတို့အား ငွေကျပ် သုံးထောင်စီနှင့် ကြက်ဥ၊ အားဆေးများ ထောက်ပံ့ပေးအပ်ပြီး ချီးကျူးအားပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)** **(ပြည်နယ် ပြန်/ဆက်)**

ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ပညာပေးဟောပြော၊ ပစ္စည်းများဖြန့်ဝေပေးအပ်

သီပေါ ဇွန် ၂၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်တားဆီး ကာကွယ်ရေးကော်မတီကကြီးမှူး၍ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ပညာပေးဟောပြောပွဲနှင့် ပစ္စည်းများ ဖြန့်ဝေပေးအပ်ပွဲ အခမ်းအနားကို ဇွန်၁၅ရက် နံနက် ၁၀နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဒေါ်သောင်းသောင်းရီက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းတင်ရွှေက ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးနှင့် ဖြန့်ဝေပေးအပ်မည့် ပစ္စည်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဖြန့်ဝေ

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးစိုင်းတင်ရွှေက အခမ်းအနားသို့ တက်ရောက်လာကြသူများကို ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ပစ္စည်းများ ဖြန့်ဝေပေးအပ်သည်။ **(ဝဲပုံ)**

ဖဲကြိုးဖြတ်

ထို့နောက် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန နံရံကပ်ဘုတ်တွင် ပြသထားသော ကြက်ငှက်တုပ်ကွေးရာဂါနှင့်ပတ်သက်၍ ပညာပေးပိုစတာဆိုင်းဘုတ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဦးစိုင်းတင်ရွှေနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ချမ်းမြေ့အောင်စည်လမ်း ကတ္တရာလမ်းခင်းဆောင်ရွက်

ကလေး ဇွန် ၂၀

ကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မူလမြေသားလမ်းမှ ကတ္တရာလမ်းအဖြစ် အငယ်တန်းအင်ဂျင်နီယာ(၂) (မြို့ပြ) ဒေါ်သန်းသန်းဆောင်ရွက်သည့် ကလေးမြို့ ပင်လုံရပ်ကွက် ချမ်းမြေ့အောင်စည်လမ်းအပိုင်း (၂) ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို ဇွန် ၁၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးစိုးနိုင် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၄၁၇)

အုတ်တွင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ငွေပေးအပ်

အုတ်တွင်း ဇွန် ၂၅

ပဲခူးတိုင်း တောင်ငူခရိုင် အုတ်တွင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ၂၀၀၇-၂၀၀၈ ခု ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၅ ရက် နံနက် ၁၀ နာရီက သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဝန်ထမ်းများ၏ သားသမီးများဖြစ်ကြသော အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား ကျောင်းသူ ၄၆ ဦးတို့အတွက် ငွေကျပ် ၂၁၀၅၀၀ တန်ဖိုးရှိ ကျောင်းဝတ်စုံ၊ စာအုပ်နှင့် စာရေးကိရိယာများနှင့် အဆင့်မြင့်ပညာ သင်ယူနေသော ဝန်ထမ်းနှင့် ဝန်ထမ်းများ၏ သားသမီး ၁၆ ဦးတို့အတွက် ထောက်ပံ့ငွေကျပ်၈၀၀၀၀ကို မိသားစုစည်းကမ်း ထိန်းသိမ်းရေး ကော်မတီ ဥက္ကဋ္ဌ ဒေါ်တင်ဝင်းရီနှင့်အဖွဲ့ဝင်များက ပေးအပ်ခဲ့ကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

မြို့နယ်သတင်းများ

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မင်္ဂလာသီရိကျေးရွာ နှစ်လက်မစက်ရေတွင်း ပုံမှန်လည်ပတ် ရေပေးနိုင်မှုကို ဇွန် ၇ ရက်က အမှုဆောင်အရာရှိ ဦးအောင်ဖုံနှင့်အငယ်တန်း အင်ဂျင်နီယာ (၂) ဦးပြည်စိုးဝင်းကျော်တို့ ကွင်းဆင်းစစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

ဟသ်ာတမြို့၌ ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန် ရေချိုငါးဖမ်းလုပ်ငန်း ဥပဒေပညာပေးဆိုင်းဘုတ်စိုက်ထူ

ဟသ်ာတ ဇွန် ၁၂

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက ချမှတ်ထားသော ရေချိုငါးလုပ်ငန်း ရည်မှန်းချက်များနှင့်အညီ ဟသ်ာတခရိုင် ငါးလုပ်ငန်းဦးစီးဌာနသည် ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်၊ ရေချိုငါးဖမ်းလုပ်ငန်းရေပြင်များပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်ရန်အတွက် ငါးရစ်ငါးသန်ရာသီချိန်တွင် ငါးသယံဇာတပျက်သုဉ်းစေသည့် တားမြစ်ငါးဖမ်းနည်းများ၊ တားမြစ်ငါးဖမ်းကိရိယာများဖြင့် ငါးများဖမ်းဆီးခြင်းမပြုရန်၊ အဆိပ်ဆေးချ၍ ငါးဖမ်းဆီးခြင်း၊ လျှပ်စစ်ဓာတ်ဖြင့် ငါးဖမ်းဆီးခြင်း၊ ဘက်ထရီရှော့ခ်တိုက်(ကျင်စက်) ငါးဖမ်းနည်းဖြင့် ငါးဖမ်းဆီးခြင်းမပြုရန်တို့ကို ပြည်သူများသိရှိနားလည်စေရန် ရည်ရွယ်လျက် ရေချိုငါးဖမ်းလုပ်ငန်း ဥပဒေပညာပေးဆိုင်းဘုတ်ကို ဇွန် ၅ရက် နံနက် ၉နာရီက ဟသ်ာတမြို့ပခန်းရပ်ကွက် ကမ်းနားကြီးသင်္ဘောဆိပ်ကမ်း၌ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးစိန်သောင်းနှင့် ရုံးဝန်ထမ်းများက စိုက်ထူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ကြက်မွေးမြူရေး ဇီဝလုံခြုံမှုအလေ့အကျင့်ဆိုင်ရာ ဆင့်ပွားသင်တန်း တောင်ကြီးမြို့၌ ဖွင့်လှစ်

တောင်ကြီး ဇူလိုင် ၆

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစီမံကိန်းများအရ ကြက်မွေးမြူရေးသမားများအတွက် ဇီဝလုံခြုံမှုအလေ့အကျင့်ဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၃ရက်က တောင်ကြီးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးတွင်ကျင်းပရာ ရှမ်းပြည်နယ် သားငါးကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးညွန့်ဝင်းနှင့် ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသန်းအေးတို့က အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ တောင်ကြီးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းအောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာ၊ ပြည်နယ်မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသိန်းစိန်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများနှင့် သင်တန်းတက်ရောက်ကြမည့် တောင်ကြီးမြို့နယ်အတွင်းရှိ ကြက်မွေးမြူရေးလုပ်ငန်းရှင်များ၊ ကြက်သားထုတ်လုပ် ရောင်းချသူများနှင့် ကြက်ဥ၊ ဘဲဥထုတ်လုပ်ရောင်းချသူများ တက်ရောက်ကြသည်။

(က-ပ)

ရေချိုပုစွန်သားပေါက်နှင့် ငါးသားပေါက်များ ရေဆင်းဆည်ရေလှောင်တမံအတွင်းစိုက်ထည့်ပွဲကျင်းပ

မြက်စားငါးကြင်း၊ ငါးခုံးမနှင့် ငါးမြစ်ချင်း ကောင်ရေ ၅၃၀၀၀၀ ဖြစ်

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ ရေဆင်းဆည်တွင် လက်တွေ့ အောင်မြင်ဖြစ်ထွန်းနေသော ရေချိုပုစွန်တုပ်ကြီးများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၇

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် ယနေ့ နံနက်၇နာရီတွင် ရေဆင်းဆည်၌ကျင်းပသော ဆည်ရေလှောင်တမံအတွင်း ရေချိုပုစွန်သားပေါက်နှင့် ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူးနှင့် ဝန်ကြီးတို့အား ငါးလုပ်ငန်းဦးစီးဌာန(ရေဆင်းငါးစခန်း)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်ချစ်က ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့်ဝန်ကြီးတို့က လိုအပ်သည်များကို ဖြည့်စွက်မှာကြားကြသည်။

စာမျက်နှာ ၉ ကော်လံ ၄ ❍

ကျောက်စိမ်း၊ကျောက်မျက်၊ပုလဲ အထူးရောင်းချပွဲ ကျောက်စိမ်းအတွဲပေါင်း ၁၀၅၆ တွဲ ရောင်းချရ

ရန်ကုန် ဇူလိုင် ၇

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ကျင်းပလျက်ရှိသည့် ၂၀၀၇ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲသို့ လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

စာမျက်နှာ ၉ ကော်လံ ၆ ❒

မဒေါက်မြို့ စိုးရိမ်ရေမှတ် ရောက်ရှိ

နေပြည်တော် ဇူလိုင် ၇

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် နံနက်၆နာရီခွဲ တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၁၀၄စင်တီမီတာသို့ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၁စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

(သတင်းစဉ်)

NLD ၏ လုပ်ဆောင်ချက်များသည် ပြည်ပကို မှီခိုအားထားလွန်းမှားယွင်းသောလုပ်ရပ်များကိုသာတစိုက်မတ်မတ်လုပ်ဆောင်နေ

ပဲခူးတိုင်း တောင်ငူမြို့နယ်မှ ပါတီဝင် ၉၄ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇူလိုင် ၇

ပဲခူးတိုင်း တောင်ငူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှပါတီဝင်များဖြစ်ကြသော ကမ်းနီကျေးရွာအုပ်စုနေ ဦးထွန်းရေး၊ ဦးတင်ရွှေ၊ဒေါ်တင်ငြိမ်းနှင့် ဒေါ်ခင်အုန်းမြတို့အပါအဝင် ပါတီဝင် ၃၇ဦး၊ ဇီးကုန်းကျေးရွာနေ ဦးစောမောင်ဝေး၊ စောမြဖေ၊ နော်လှကြည်၊ နော်ရီလေးနှင့် ဒေါ်ညွန့်ခင်တို့အပါအဝင် ပါတီဝင် ၅၇ဦး စုစုပေါင်းပါတီဝင်၉၄ဦးတို့သည် ဇွန်၂၆ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

စာမျက်နှာ ၉ ကော်လံ ၄ ●

မင်းလှမြို့နယ် ပေါက်ကုန်းကျေးရွာ၌ ပုံလုံသီးဖြစ်ထွန်းအောင်မြင် စိုက်ပျိုးရေးသီးနှံနာမည်ရပြီး ဒေသထွက်ကုန်အဖြစ်ကျော်ကြား ရာသီအလိုက်သီးနှံများစိုက်ပျိုးခြင်းဖြင့် တောင်သူတစ်ဦးချင်းဝင်ငွေတိုး

ပဲခူးတိုင်း မင်းလှမြို့နယ် ပေါက်ကုန်းကျေးရွာတွင် စိုက်ပျိုးထားသော ပုံလုံသီးခေါ် ပဲလင်းမြွေသီးစိုက်ခင်းကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

သတင်းမြင်ကွင်း - နုနုရီနှင့်တင်တင်ဝင်း၊ ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၇

မိုးကောင်းကင်တစ်ခိုတွင် မိုးသားတိမ်လိပ်တို့ဖြင့် ပြိုမယောင် အုံ့ဆိုင်းနေသည်။ ညီညာပြန့်ပြူးသော ဂဝံမြေလမ်းတစ်လျှောက် ကားလမ်းဘေးတစ်ဖက်တစ်ချက်စီတွင် တစ်မျှော်တစ်ခေါ် ရှုမဆုံးသော လယ်ကွင်းကျယ်များရှိပြီး လယ်ကွင်းတို့၏အဖျားကုန်းဘက်ကျသောအပိုင်းတွင် လူတစ်ရပ်သာခန့် ဝါးတိုင်လေးများဖြင့် စင်ထိုးထားသော စိုက်ခင်းများကို အစီအရီလှမ်းမြင်နေရသည်။

စိုက်ပျိုးရေး

မြန်မာ့အလင်းသတင်းအဖွဲ့လိုက်ပါလာသော ကားလေးသည် အဆိုပါ ဂဝံလမ်းလေးမှတစ်ဆင့် လှမ်းမြင်နေရသော လယ်ကွင်းစိုက်ခင်းများဆီသို့ ဦးတည်မောင်းနေသည်။ နေရာကား... ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့နယ်အပိုင် ပေါက်ကုန်းကျေးရွာအုပ်စု ပေါက်ကုန်းရွာသို့ဖြစ်သည်။ အိမ်ခြေ၂၀၀ကျော်ရှိသော ပေါက်ကုန်းရွာသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သော မြန်မာ့ကျေးလက်ဒေသစစ်စစ်တစ်ခုဖြစ်ကြောင်း တွေ့ရသည်။

စာမျက်နှာ ၉ ကော်လံ ၁ ■

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

8-7 (20) 1 7/7/07, 2:01 PM